# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အစိုးရ၏ ကူညီမှုများသာမက ဒေသတွင်နေထိုင်သူများအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြမည်ဆိုပါက လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**စစ်တွေမြို့တွင်းနှင့် ရှုခင်းသာလမ်းတစ်လျှောက် သန့်ရှင်းသာယာရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့လေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေမြို့အတွင်းနှင့် ရှုခင်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက စစ်တွေမြို့ View Point နေရာ၌ ရှုခင်းသာလမ်း တစ်လျှောက်

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့** *ဖတ် စ ရာ*


**ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများမွေးဖွားရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်** ဆောင်းပါး စာ - ၁၀

**ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ** ပြည်တွင်းသတင်း စာ - ၁၅

**တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ပြောင်း၊ ကြက်သွန်ဖြူနှင့် လက်ဖက်ခြောက်တင်ပို့** ပြည်တွင်းသတင်း စာ - ၂၀

မြန်မာ့အလင်း

# ပြည်သူဗဟိုပြု ခေတ်မီဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းအများအပြား ဆောင်ရွက်လျက်ရှိရာတွင် ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) လည်း အပါအဝင်ဖြစ်သည်။ အဆိုပါစီမံကိန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဓိကဌာနအဖြစ် တာဝန်ယူကာ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

လူမှုဘဝအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာများထူထောင်နိုင်ရန် စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် နဂိုရှိမှ နဂိုင်းထွက်နိုင်သည်ဟူသည့် ဆိုရိုးအတိုင်း အခြေခံအချက်အလက် အချို့ပြည့်စုံရန်လိုသည်။ စာသင်ကျောင်း၊ ဆေးပေးခန်း၊ လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး စသည့်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများအသင့်အတင့်ရှိသောရွာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစား စီးပွားရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပြီး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ရွာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစားထုတ်ကုန်များ ဈေးကွက်သို့ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့သည့်ရွာ၊ သက်မွေးဝမ်းကျောင်းလုပ်ငန်း သို့မဟုတ် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် စုပေါင်းဆောင်ရွက်ရန် အလားအလာရှိသော ကျေးရွာ၊ တရားဥပဒေစိုးမိုးခြင်းနှင့် လုံခြုံရေးကောင်းမွန်ပြီး နယ်မြေတည်ငြိမ်အေးချမ်းသော ကျေးရွာ၊ ရွာသူရွာသားများ၏ စီမံကိန်းဆောင်ရွက်ရန် စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှုရှိပြီး ဖွံ့ဖြိုးရေးအမှန်တကယ် ဆောင်ရွက်ရန်လိုအပ်သည့် ကျေးရွာ၊ အကျိုးခံစားရမည့် အိမ်ထောင်စု ၇၀ နှင့်အထက်ရှိသော ရွာဆိုသည့် အချက်အလက်များကိုအခြေခံ၍ စိစစ်ရွေးချယ်ခြင်းဖြစ်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူတို့၏ ကာယ၊ ဉာဏ၊ လုံ့လဝီရိယနှင့် ဉာဏ်အမြော်အမြင်တို့ကို လိုအပ်သလို စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းရှိမှုတို့လည်း လိုအပ်သည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် အမူအကျင့်များ၊ အလေ့အထများ၊ သဘောထားအမြင်များနှင့် အယူအဆများ လူမှုအသိုက်အဝန်းများအတွင်း ဖယ်ရှားရှင်းလင်းထားရန် လိုအပ်သည်။ အထူးသဖြင့် ဒေသခံပြည်သူလူထုအတွင်း ဆင်းရဲနွမ်းပါးမှု၊ လူမှုစီးပွားဘဝ နိမ့်ကျမှုအခြေအနေမှ ရုန်းထလိုသည့် စိတ်များ၊ စဉ်ဆက်မပြတ်ခေတ်မီဖွံ့ဖြိုးသော၊ စီးပွားရေးခိုင်မာအားကောင်းသော လူမှုဘဝကိုရယူနိုင်ရန် မဖြစ်မနေကြိုးပမ်းလိုသည့် စိတ်ဓာတ်များ ရှင်သန်နေရမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးခြင်းကို အသားကျပြီး ရုန်းထွက်ရန် မကြိုးစားတော့ဘဲ အလိုက်သင့်နေထိုင်သွားလိုသည့် စိတ်ဓာတ်မျိုးမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးစွာသော အန္တရာယ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပျင်းရိခြင်းနှင့် ညံ့ဖျင်းခြင်းတို့က တစ်သက်တာမွဲပြာကျစေသည့် နာတာရှည်ရောဂါမျိုးပင်ဖြစ်ရာ တိုးတက်ကြီးပွားလိုသူတိုင်းက ပယ်ရှားထားကြရမည့် အရာများဖြစ်သည်။

ခေတ်မီစံပြကျေးရွာ စီမံကိန်းကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး / ပြည်နယ် ၁၅ ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး / ပြည်နယ် ၁၄ ခုတွင် တိုးချဲ့၍ ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားမြင့်မားရေး လုပ်ငန်းများ၊ အသင်းအဖွဲ့ခိုင်မာအားကောင်းခြင်းနှင့်နည်းပညာ ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံကိန်းကျေးရွာများတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ပြည်သူဗဟိုပြုစီမံကိန်းဖြစ်သည့်အလျောက် ဒေသခံပြည်သူများ၏ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ခေတ်မီစံပြကျေးရွာများ အောင်မြင်ဖြစ်ထွန်းပေါ်ပေါက်လာပါစေကြောင်း။ ။

## တရားမအထူးအယူခံမှု (၄)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၈/၂၀၂၂ (ရန်ကုန်)၊ ၅၂/၂၀၂၂ (ကချင်)၊ ၉/၂၀၂၃ (ရှမ်း) နှင့် ၁၁/၂၀၂၃ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း နိုင်ငံတကာဆွေးနွေးပွဲတက်ရောက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဇူလိုင် ၁၁ ရက်မှ ၁၂ရက်အထိ ကျင်းပမည့် ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း (Public Health and Diplomacy) နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ် သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. A S M Sayem နှင့် တာဝန်ရှိသူများ၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ပါမောက္ခချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဆွေးနွေးပွဲသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယ၊ ဘူတန်၊ ထိုင်း၊ မော်လ်ဒိုက်နှင့် နီပေါနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး ပညာရှင်များ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများကို အာဇာနည်နေ့အကြောင်း သိကောင်းစရာများ သိရှိနိုင်စေရန် ရည်ရွယ်၍ (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇူလိုင် ၉ ရက် နံနက်က အင်းစိန်မြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ ဦးစွာ အင်းစိန်မြို့နယ် အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ချိုချိုစန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အင်းစိန်မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာရန်မိုးအောင် (အင်းစိန်)က အာဇာနည် ပုဂ္ဂိုလ်ကြီးများ၏ အကြောင်း ခေါင်းစဉ်များဖြင့် ဟောပြောကြသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်၊ ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည် လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီ လမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်း လမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

❍ *ရှေ့ဖုံးမှ*

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်စဉ် ပျက်စီးခဲ့သည့်နေရာများအား ဦးစားပေးအလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြင်ဆင်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လတ်တလောငွေကြေးကုန်ကျမှုများထက် ဒေသ၏ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ရှုခင်းသာလမ်းကို ပင်လယ်ကမ်းစပ်တစ်လျှောက်လုံး မြို့ပတ်လမ်းအဖြစ် ဆောင်ရွက်သွားရန်၊ ယာဉ်သွားလမ်းနှင့် ပလက်ဖောင်းများ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန်နှင့် မော်တော်ကားလမ်းအကျယ်နှင့် လူသွားလမ်း ပလက်ဖောင်းအကျယ်တို့ကိုလည်း ပြည်သူများအန္တရာယ်ကင်းစွာ သွားလာနိုင်ရေး စနစ်တကျတွက်ချက်ကာ တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပတ်လမ်းတစ်လျှောက်၌ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ရန်နေရာများ၊ ပင်လယ်ကမ်းစပ်သို့ ဆင်းနိုင်သည့်နေရာများကိုလည်း ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျရှိရန်လိုသကဲ့သို့ မြေသားများနှင့် သဲနုန်းများ လမ်းပေါ်၌ တင်ကျန်နေပါက လမ်း၏ရေရှည်ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သဖြင့် သန့်ရှင်းရေးမပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ View Point နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ယခင်အတိုင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ပြန်လည်ဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားခဲ့ပြီး ရှုခင်းသာလမ်းတစ်လျှောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ ဖြန့်ခွဲနေမှု ကြည့်ရှုအားပေး၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံးဆိပ်ကမ်း၌ MV ROYAL VENUS သင်္ဘောနှင့် Fortune သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးရန်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

### ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ အပိုင်းလိုက်ခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံဝန်ထမ်းများ၊ သူနာပြုများနှင့် ကြက်ခြေနီအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ရုပ်သံလိုင်းများကောင်းမွန်ရေး ဆောင်ရွက်ပြီးစီးမှု၊ ပြန်လည်ထူထောင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးထားမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသား၊ ငါး၊ ဥ စသည့် မွေးမြူရေးထုတ်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိမှုနှင့် တပ်မတော်မှလည်း သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ပင်လယ်ကမ်းစပ်တစ်လျှောက် လေကာပင်များ စိုက်ပျိုးလျက်ရှိမှုနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အတိုင်း မုန်တိုင်းဒဏ်သင့်ပြည်သူများ စားသောက်နေထိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ ဘာသာရေးဆိုင်ရာအဆောက်အဦများ ပြန်လည်ထူထောင်ရေးအတွက် ပြန်လည်ထူထောင်ရေးပစ္စည်းများကို တပ်မတော်ရေယာဉ်၊ လေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်များဖြင့် ပို့ဆောင်လျက်ရှိမှုအခြေအနေများ၊ စားရေရိက္ခာပြတ်လပ်မှုမရှိရေး အခြေခံစားသောက်ကုန်များ၊ သောက်သုံးရေများနှင့်အမယ်စုံများကို ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့မှု၊ မုန်တိုင်းသင့်ပြည်သူများအား အပိုင်းလိုက်ခွဲ၍ အမှန်တကယ်လိုအပ်သည့် ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများရောက်ရှိရေး စီမံဆောင်ရွက်ထားရှိမှု၊ မုန်တိုင်းသင့်ပြည်သူများ၏ နေအိမ်များပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် သစ်၊ သံ၊ သွပ်၊ တာပေါ်လင်စများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးခဲ့မှုနှင့် လိုအပ်ချက်များရှိနေသေးသည့်အခြေအနေများ၊ ပညာရေးကဏ္ဍပြန်လည်ထူထောင်ရေးအတွက် စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရသိပ္ပံနှင့် အခြေခံပညာကျောင်းများ ပြန်လည်ပြင်ဆင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်တွင် အဆင့်မြင့်ပညာကျောင်းများနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူများ ပြန်လည်တက်ရောက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ မြို့နယ် ၁၇ မြို့နယ်တွင် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကျန်းမာရေးဆိုင်ရာ အဆောက်အဦများကို ပြန်လည်ပြုပြင်လျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုစက်ပစ္စည်းများ ရောက်ရှိဖြန့်ခွဲထားရှိမှု၊ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသည့် သာသနာရေးဆိုင်ရာ အဆောက်အဦများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ၊ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ဆွမ်းဆန်တော်၊ ဆီနှင့် အခြားလိုအပ်သည်များကို လှူဒါန်းဆောင်ရွက်ခဲ့မှု၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ ပေးအပ်ထားသည့် သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ပေးအပ်ထားသည့် ထောက်ပံ့ငွေများကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်းမှ လှူဒါန်းသည့် အလှူငွေများကိုလည်း စနစ်တကျဖြင့် စီမံဆောင်ရွက်လျက်ရှိမှု၊ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်သွယ်ရေးအော်ပရေတာများမှ လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဖြန့်ဖြူးလျက်ရှိမှု၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု၊ မိုးစပါးများ စိုက်ပျိုးထားရှိမှုနှင့် တစ်ဧကအထွက်နှုန်းများ တိုးတက်ရေးဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်သို့ မျိုးစပါးများရောက်ရှိမှုနှင့် ပြန်လည်ဖြန့်ဝေပေးလျက်ရှိမှု၊ ရောက်ရှိလာသည့် လယ်ယာသုံးစက်ကိရိယာများကို မြို့နယ်များအလိုက် ဖြန့်ခွဲပေးထားမှု၊ မွေးမြူရေး ဆိုင်ရာနှင့် ပတ်သက်၍ မုန်တိုင်းသင့်ဒေသများသို့ ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် လိုအပ်သည့် ကျွဲ၊ နွားများဝယ်ယူရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းစက်လှေများပျက်စီးခဲ့မှု၊ ရေချိုသားဖောက်စခန်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန်လိုအပ်သည့်အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ငါးမွေးမြူရေးတောင်သူများကို ငါးမျိုးများဖြန့်ခွဲပေးလျက်ရှိမှုနှင့် ငါး၊ ပုစွန်မျိုးများကို ပြည့်ဝစွာရရှိနိုင်ရေး သားဖောက်စခန်းများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်သစ်ပင်များ ပြန်လည်စိုက်ပျိုးရေးအတွက် ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ ဒီရေတောပင်များစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် သစ်ပင်စိုက်ပျိုးပွဲများ ဆောင်ရွက်၍ သစ်ပင်များစိုက်ပျိုးလျက်ရှိမှု စသည်ဖြင့် ကဏ္ဍအလိုက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှုနှင့် ပညာသင်ကြားရေးအပြင် ယာယီခိုလှုံရာ Shelter များအဖြစ်ပါ အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှုနှင့် ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

## မူလအခြေအနေထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် စစ်တွေမြို့အဖြစ် ဖော်ဆောင်ပေးနိုင်ရေး ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်ရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် စစ်တွေမြို့အဖြစ် ပြန်လည်ဆောင်ရွက်ပေးနိုင်ရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ယခုကဲ့သို့ ထပ်မံလာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း၊ ခေတ်မီမြို့ပြအဖြစ် ရောက်ရှိလာစေရေး မြို့တွင်းရှိ ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အဆောက်အဦများကိုလည်း ခေတ်နှင့်လျော်ညီသည့်အဆောက်အဦများဖြစ်စေရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒေသ၏ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အဓိကအားဖြင့် စားရေရိက္ခာလုံလောက်မှုရှိစေရေးနှင့် ဆန်နှင့်ဆီများ ရရှိရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုးစပါးများ အချိန်မီရရှိရေးအတွက်လည်း စီမံဆောင်ရွက်ရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြစ်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ခေတ်မီပြီး စနစ်ကျသည့်မွေးမြူရေးလုပ်ငန်းများ ဖြစ်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်တွင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန်အတွက် မွေးမြူရေးအစာကုန်ကြမ်းများ ရှိပြီးဖြစ်သဖြင့် အစာစနစ်၊ ရေစနစ်တို့ကို စနစ်တကျဆောင်ရွက်မည်ဆိုပါက မွေးမြူရေးအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဈေးကွက်သေချာသည့် ရေငန်ငါးနှင့် ပုစွန်မွေးမြူရေးကိုလည်း အဆင့်လိုက် ဆောင်ရွက်သွားရန်လိုကြောင်း။

အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက်ရေးအတွက်ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးနှင့် လိုအပ်သည့်အချိန်များတွင် ယာယီခိုလှုံရာ Shelter များအဖြစ် အသုံးပြုနိုင်ရေး စနစ်တကျဖြင့် တွက်ချက်စီမံဆောင်ရွက်ရန်လိုကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ထိခိုက်ပျက်စီးမှုကိုလည်း ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ထိခိုက်မှုအဆင့်အလိုက် သတ်မှတ်ထားသည့်အတိုင်း ထောက်ပံ့ပေးနိုင်ရေး စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သစ်လိုအပ်မှုနှင့်ပတ်သက်၍ လိုအပ်သည့် အတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ရေး အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ရန်လိုကြောင်း၊ ဒေသအလိုက် အပျက်အစီးများ၊ အမှိုက်သရိုက်များကို သန့်ရှင်းရေးစနစ်တကျဆောင်ရွက်ခြင်းမရှိပါက ကျန်းမာရေးပိုင်းဆိုင်ရာများတွင်ပါ ထိခိုက်လာနိုင်သဖြင့် သန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ စစ်တွေဆေးရုံကြီးတွင် အရေးပေါ်ကုသမှုများ ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်ကုသခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါရဂူများ၊ ဆေးမှူးများနှင့် ဒေသခံ အငြိမ်းစားပါရဂူကြီးများ ပူးပေါင်း၍ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ နိုင်ငံတော်ဓာတ်အားလိုင်းမှ ချိတ်ဆက်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် သဘာဝဘေးဒဏ် ကျရောက်ချိန်တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ရေအရင်းအမြစ်ကို အသုံးချ၍ အသေးစား၊ အလတ်စား ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း လေ့လာဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်မှာကြားပြီး ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## လိုအပ်သည်များ လမ်းညွှန်မှာကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကျရောက်ပြီးနောက်ရက် မေ ၁၅ ရက်တွင် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့ပြီး နှစ်လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိအောင်ဆောင်ရွက်နိုင်ခဲ့သည်ကို ယခု ထပ်မံရောက်ရှိချိန်တွင် တွေ့ရှိရကြောင်း၊ မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ဖယ်ရှားခြင်းအပိုင်းနှင့်ပတ်သက်၍ အချို့နေရာများတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပြီး ဒေသတွင်နေထိုင်သူများအနေဖြင့် မိမိတို့နေထိုင်ရာ အိမ်ခြံဝင်းများအတွင်း အပျက်အစီးများကို ဖယ်ရှားရန်အတွက် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း။

အဆောက်အဦများ ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ လက်ရှိအဆောက်အဦများ ပြင်ဆင်ခြင်းနှင့် နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်ပေးသည့်အပိုင်းနှင့် ပြည်သူများက ဆောင်ရွက်နိုင်သည့်အပိုင်းဟူ၍ ရှိကြောင်း၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် ရေရှည်ခိုင်ခံ့ရေးထက် အလှအပကို ဦးစားပေးဆောက်လုပ်ခြင်းများကြောင့် အချို့အဆောက်အဦများ ပျက်စီးမှုများပြားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ရေရှည်ခိုင်ခံ့သည့် အဆောက်အဦများဖြစ်စေရေး စနစ်တကျဖြင့် တွက်ချက်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပျက်စီးအဆောက်အဦများ အစားထိုးဆောက်လုပ်ခြင်းနှင့် ပတ်သက်၍လည်း အကြီးစားပြင်ဆင်ခြင်းများရှိသကဲ့သို့ လူနေအဆောက်အဦများ အသစ်ပြန်လည်ဆောက်လုပ်ရခြင်းများလည်း ရှိကြောင်း။

ဆောက်လုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်တို့မှ တာဝန်ရှိသူများက စနစ်တကျဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် စီမံခန့်ခွဲမှုများအရ၊ ငွေကြေးအရ၊ စားသောက်ကုန်များနှင့် အခြားလိုအပ်သည်များကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရ၏ ကူညီမှုများသာမက ဒေသတွင်နေထိုင်သူများအနေဖြင့်လည်း မိမိတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြမည်ဆိုပါက လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရခိုင်ပြည်နယ်အနေဖြင့် မူလအခြေအနေထက် ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အချိန်၊ အများပြည်သူအခက်အခဲ အကျပ်အတည်းများ တွေ့ကြုံနေရသည့်အချိန်တွင် ကိုယ်ကျိုးစီးပွားအတွက် ပွဲလန့်တုန်းဖျာခင်းသည့်သူများက ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့်တစ်ကိုယ်ကောင်းဆန်သည့်စိတ်ဓာတ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ဈေးနှုန်းများထက် မတန်တဆဈေးနှုန်းများဖြင့် မြှင့်တင်ရောင်းချနေမှုများအပေါ်တွင်လည်း တာဝန်ရှိသူများအနေဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချနေသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပဒေအရထိရောက်သည့် ပြစ်ဒဏ်များကို ပေးရမည်ဖြစ်ပြီး မိမိတို့တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးစီးပွားအတွက် ဒေသခံအချင်းချင်းအပေါ် အမြတ်ထုတ်ဆောင်ရွက်ခြင်းမှာ မဖြစ်သင့်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

*စာမျက်နှာ ၄ မှ*

စားသောက်ရေးနှင့် ပတ်သက်၍ လတ်တလော အဆင်ပြေမှုရှိစေရေးအတွက်လည်း ဒေသတွင်း လိုအပ်ချက်ရှိသည့် ဆန်ဆီနှင့် အခြားလိုအပ်သည်များကို ပေးပို့စေလျက်ရှိကြောင်း၊ အလားတူ ဒေသတွင်း အသားစားသုံးမှု အထောက်အကူဖြစ်စေရေးအတွက် မွေးမြူရေးအတွက်လိုအပ်သည့် ကြက်သားပေါက်များကိုလည်း တင်ပို့စေခဲ့ကြောင်း၊ စားရေးနှင့် ပတ်သက်၍ အသားငါးနှင့် ဥအမျိုးမျိုးသည် ဒေသအတွင်း အမြဲမပြတ်လိုအပ်ချက်ရှိနေမည်ဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး ထိုမှတစ်ဆင့်တိုးချဲ့ဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်အတွင်း အသားငါးများ ဖူလုံမှုရှိလာမည်ဖြစ်ကြောင်း။

**တန်းစဉ်ကူးပြောင်းမှုများ ရာနှုန်းပြည့်မီရန်လို**

စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အထွက်နှုန်းကောင်းမျိုးများဖြစ်ရန် လိုကြောင်း၊ မြေကောင်းမွန်ရေးအတွက် စနစ်တကျ မြေပြုပြင်မည်၊ လိုအပ်သည့် သွင်းအားစုနှင့် ဓာတ်မြေဩဇာများကို စနစ်တကျ ထည့်သွင်းမည်၊ စိုက်ပျိုးရေနှင့်အောင်ရေများလုံလောက်စွာရရှိမည်၊ စိုက်နည်းစနစ်များ မှန်ကန်မည်ဆိုပါက အထွက်နှုန်းများ ကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း၊ မည်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ နည်းစနစ်တကျဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် အောင်မြင်စေလိုကြောင်း၊ ထိုကဲ့သို့ စနစ်တကျဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက်က ဒေသတွင်း၌ အသိပညာ အတတ်ပညာပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွန်းလာရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေသည့်ကျောင်းသား ကျောင်းသူများ စာသင်နှစ်အတွင်း အတန်းပြီးဆုံးသည်အထိ သင်ကြားရန်နှင့် တန်းစဉ်ကူးပြောင်းမှုများ ရာနှုန်းပြည့်မီရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ပညာတတ်များ ပေါ်ကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပညာရည်မြှင့်တင်မှုနှင့် ပတ်သက်၍ ဆက်လက်အားပေးဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် အခြေခံပညာများရရှိနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရပ်များအလိုက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ရခိုင်ပြည်နယ် ပိုမိုတိုးတက်လာရေးအတွက် ယခုအချိန်တွင် ပညာသင်ကြားလျက်ရှိသည့် ဒေသတွင်းမှ ကျောင်းသား ကျောင်းသူများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ပညာရည်မြှင့်တင်ရေးကို စနစ်တကျကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးဆိုင်ရာဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွက် လိုအပ်သည့် ဆရာ ဆရာမများကိုလည်း ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းမှာ အနာဂတ်ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း။

**အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်နေထိုင်ကြသူများအနေဖြင့်လည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေများထက် ပိုမိုကောင်းမွန်သည့်ဒေသများအဖြစ် ဆက်လက် ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူများ၊ ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ယခင်ပုံမှန်ဆောင်ရွက်နေသည်များထက် ပိုမို၍ ခွန်အားစိုက်ထုတ် လုပ်ဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်

**နေပြည်တော်   ဇူလိုင်   ၁၀**

"ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံ" သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယမန်နေ့ နံနက်ပိုင်းက တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA)၊ ဒုတိယဥက္ကဋ္ဌ Mr. Deng Boqing နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ဆဲစီမံကိန်းများ၊ အဆိုပြုစီမံကိန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။




ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံ/ အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များအား CIDCA မှ တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုခြင်း အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။

ယနေ့နံနက်ပိုင်းတွင် "ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံ"ကို "Global Development Initiative: Echo the Development Agenda and Call for Global Action" ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ပါဝင်တက်ရောက်သည်။

အဆိုပါညီလာခံသို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဗဟိုနိုင်ငံခြားရေးရာကော်မရှင်ရုံး အကြီးအကဲ Mr. Wang Yi ၊ တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Luo Zhao-hui ၊ ဖိတ်ကြားထားသော အာရှ၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်အဖွဲ့များနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၆ ခုတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်နှစ်ဦးတို့လည်း ပါဝင်တက်ရောက်ကြသည်။

ညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးကိစ္စများနှင့် စပ်လျဉ်း၍ ဘုံအကျိုးအမြတ်ရရှိစေရန် ရည်ရွယ်၍ ဖိုရမ်ခွဲ လေးခု ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးသည် "ဆင်းရဲမှုလျှော့ချရေးနှင့် စိုက်ပျိုးရေး အသွင်ကူးပြောင်းမှုအတွက် ကမ္ဘာလုံးဆိုင်ရာ အများပြည်သူပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ခွဲ" သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ညီလာခံအပြီးတွင် ပါဝင်တက်ရောက်သည့် နိုင်ငံများ၏ သဘောတူညီမှုဖြင့် ပေကျင်းထုတ်ပြန်ချက်ကို ကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရသေ့တောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ဒေသတွင်း တည်ငြိမ်အေးချမ်းမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကိုလည်း ဆောင်ရွက်ကြရန်လို

❖ **ဒေသခံပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်း အတူရှူနေကြသူများဖြစ်သဖြင့် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ဖြင့် သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးဆောင်ဖြင့် နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို အထောက်အကူပြုနိုင်မည်**

**နေပြည်တော်  ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သဘာဝဘေးဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ခုချင်းမှအစပြု၍ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်တပ်နယ်နှင့် ဘူးသီးတောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမများ၌ သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားရာတွင် မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ခဲ့ကြောင်း၊ မေ ၁၅ ရက်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ် စစ်တွေတပ်နယ်သို့ ရောက်ရှိခဲ့ပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများကို ကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ အခြားသော တပ်နယ်များသို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခြားသော တပ်မတော်အဆင့်မြင့် အရာရှိကြီးများကို စေလွှတ်၍ ပျက်စီးဆုံးရှုံးမှုများအား ကြည့်ရှုစစ်ဆေးစေခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို စီမံခန့်ခွဲဆောင်ရွက်စေခဲ့ကြောင်း၊ ရသေ့တောင်တပ်နယ်သည် မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်းပေါ်တွင် တည်ရှိနေသည့်အတွက် မုန်တိုင်းဒဏ်ကို များစွာခံခဲ့ရပြီး အပျက်အစီးများစွာ ရှိခဲ့ကြောင်း၊ ပျက်စီးမှုများအလိုက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့ မိသားစုအလိုက်လည်း ပြင်ဆင်နိုင်သည်မှန်သမျှကို ပြင်ဆင်ထားရှိရန်လိုကြောင်း၊ မိုးတွင်းကာလဖြစ်သဖြင့် လုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေး ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘူးသီးတောင်တပ်နယ်အနေဖြင့် ထိခိုက်မှု အနည်းငယ်သာရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ချိန်တွင် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အသေအပျောက်အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံအတွက် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး မည်သူတရားပျက်ပျက် ကိုယ်မပျက်သည့်စိတ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်ကာလအတွင်း ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုများနှင့် ပိတ်ဆို့မှုများရှိကြောင်း၊ ထိုသို့နိုင်ငံရေးအခက်အခဲများ ကြုံတွေ့နေရချိန်၌ မိုခါမုန်တိုင်းကျရောက်ခဲ့ခြင်းကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနိုင်ကြောင်း။

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှိသမျှအင်အားဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းသင့်ဒေသအတွက် စေတနာရှင်ပြည်သူများကလည်း အလှူငွေများကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြကြောင်း၊ ပြည်ပနိုင်ငံအချို့မှလည်း ကူညီဆောင်ရွက်ပေးမှုများရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဆိုသည့်အတိုင်း ပြည်တွင်းအားကိုအဓိကထား၍ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ချိန်တွင် ဒေသအလိုက် တပ်များတွင်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ပြင်ဆင်ဆောင်ရွက်ရာတွင်လည်း ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် စိတ်ဓာတ်ရေးရာအရ ကြံ့ကြံ့ခံ၍ နေထိုင်ဆောင်ရွက်ကြစေလိုကြောင်း။

တပ်မတော်သားတိုင်းအနေဖြင့် မိမိကိုယ်ကို၊ မိမိဒေသ၊ မိမိတိုင်းပြည်ကို ကာကွယ်နိုင်ရေး စစ်အတတ်ပညာများကို တတ်မြောက်ကျွမ်းကျင်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုနှင့် စားသောက်မှုများရှိရမည်ဖြစ်ကြောင်း၊ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်သုံးခြင်းတို့နှင့် ပတ်သက်၍လည်း တစ်ဦးချင်းထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိဘဝအောင်မြင်တိုးတက်ရေးအတွက် မိမိကိုယ်ကို အလိုမလိုက်ရန်နှင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရန်လိုကြောင်း။

**ဒေသခံပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်း အတူရှူနေကြသူများဖြစ်သဖြင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးဆောင်ဖြင့် နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ တပ်တွင်းတပ်ပြင် စည်းလုံးညီညွတ်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယခုသဘာဝဘေးဒဏ်ကျရောက်ခဲ့ချိန်တွင်လည်း အစိုးရ၊ တပ်မတော်တို့ပူးပေါင်း၍ ဒေသ၏ အကျိုးစီးပွားများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ခုချင်းမှအစပြု၍ နိုင်ငံတော်ကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်နယ်အသီးသီးမှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

### တပ်နယ်များရှိ တပ်ရင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တပ်နယ်များရှိ တပ်ရင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ရသေ့တောင်မြို့နယ်တွင် အထူးတာဝန်ပေးအပ်ထားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ် အောင်မျိုးထွန်းနှင့် ရသေ့တောင်မြို့နယ် မြို့မိမြို့ဖများက ရသေ့တောင်မြို့နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိမှု၊ ရသေ့တောင်မြို့နယ်အတွင်း သဘာဝဘေးဒဏ်ခံအဆောက်အဦ Shelter များ ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိမှုနှင့် ဆန်၊ ဆီနှင့် မိုးကာစများ လိုအပ်ချက်များကို ဆက်လက်ထောက်ပံ့ပေးရန် လိုအပ်မှု၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ရသေ့တောင်မြို့ကျက်သရေဆောင် သာသနိကအဆောက်အဦများကို ပြန်လည်ပြင်ဆင်ပေးစေလိုမှုနှင့် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဘူးသီးတောင်မြို့မှ မြို့မိမြို့ဖများက မောင်တော - ဘူးသီးတောင် ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးစေလိုမှု၊ ဘူးသီးတောင်မြို့နယ်ဆေးရုံ၌ သားဖွားဆရာဝန်လိုအပ်လျက်ရှိမှု၊ နွေရာသီတွင် သောက်သုံးရေ လိုအပ်ချက်ရှိသဖြင့် သောက်သုံးရေသိုလှောင်ကန် ဆောင်ရွက်ပေးစေလိုမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရသေ့တောင်မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သည် ယခင်ကသွားရေးလာရေးခက်ခဲသည့် ဒေသများဖြစ်သော်လည်း ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေး အတိုင်းအတာတစ်ခုအထိ ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ ရနိုင်သည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မြို့နယ်အသီးသီးမှ တင်ပြချက်များအပေါ် ထောက်ပံ့ရေးပစ္စည်းများ လိုအပ်မှုနှင့် ပတ်သက်၍ ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျတွက်ချက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး စီမံပေးသွားမည်ဖြစ်ကြောင်း၊ ရသေ့တောင်သည့် မြို့အကွက်ကျပုံစံရှိရန်နှင့် မြို့နေပြည်သူများအားလုံး စည်းကမ်းစနစ်တကျရှိရန်လိုကြောင်း၊ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နေထိုင်မှုစည်းကမ်းများသည်လည်း တိုးတက်ကောင်းမွန်လာရန် လိုကြောင်း၊ စီးပွားရေးကောင်းရန်အတွက် ကိုယ့်အားကိုယ်ကိုးရန်လိုကြောင်း၊ တိုင်းပြည်၏ အားသည် ပြည်တွင်း၌သာရှိကြောင်း၊ ပြန်လည်ထူထောင်ရေးပစ္စည်းနှင့် စားရေးအတွက် လိုအပ်ချက်များကိုလည်း နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရသေ့တောင်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ရသေ့တောင်တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေပေးအပ်စဉ်။



အခမ်းအနားတက်ရောက်သည့် ဘူးသီးတောင်မြို့နယ်မှ မြို့မိမြို့ဖများအား တွေ့ရစဉ်။

မြို့နယ်သည် မုန်တိုင်းဖြတ်ကျော်ရာ လမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည့်အတွက် အထိအခိုက်အပျက်အစီးများ များပြားခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများရှိခဲ့ခြင်းကြောင့် ၃၇ ဦးခန့်သာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဘူးသီးတောင်မြို့နယ်သည် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်များအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သဘာဝဘေးဒဏ်သည် အချိန်မရွေး ရောက်ရှိလာနိုင်သည်ဖြစ်သည့်အတွက် ရေတိုကောင်းမွန်ရေးအတွက်သာ ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ကြစေလိုဘဲ ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးကို အဓိကထား ဆောင်ရွက်ကြစေလိုကြောင်း။

ရသေ့တောင်မြို့သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရသော်လည်း စနစ်ကျနအခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဘူးသီးတောင်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်မြေများ များစွာရှိကြောင်း၊ အဆိုပါမြေများကို အကျိုးရှိထိရောက်စွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်မည်ဆိုပါက အသား၊ ငါး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများ ရရှိပြီး လူနေမှုအဆင့်အတန်းများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေရရှိရေး တရားဝင်နည်းလမ်းများဖြင့်သာ ဆောင်ရွက်ကြစေလိုကြောင်း၊

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

မူးယစ်ဆေးဝါး ရောင်းဝယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံး နယ်မြေဖြစ်သဖြင့် တိုင်းပြည်ကိုချစ်သည့်စိတ်ဖြင့် ကာကွယ်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများဖြစ်သဖြင့် မိမိတို့နေထိုင်သည့်မြေပေါ်တွင် သစ္စာရှိရှိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းရှူနေကြသူများဖြစ်သဖြင့် အားလုံးညီညီညွတ်ညွတ်ဖြင့် နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း။

ဒေသတွင်နေထိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင် ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ ပညာတတ် လူသားအရင်းအမြစ်များသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိအခြေအနေထက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များကို ကောင်းမွန်စွာ မြေတောင်မြှောက်ပေးရန်လိုကြောင်း၊ ၎င်းတို့၏ အနာဂတ်ကို ကောင်းစေလိုပါက ပညာရေးကို အားပေးရမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို မြှင့်တင်ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒေသနှင့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် ပညာရေးကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက လက်ခံရယူခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘူးသီးတောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘူးသီးတောင်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ဘူးသီးတောင်တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေပေးအပ်စဉ်။



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘူးသီးတောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# လက်ပံတန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**လက်ပံတန်း ဇူလိုင် ၁၀**

လက်ပံတန်းမြို့နယ်တွင် အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ အမှတ်(၁၉) မြန်မာ့မီးရထားရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ လူကုန်ကူးမှုတာဆီးကာကွယ်ရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မြန်မာ့မီးရထား လက်ပံတန်းဘူတာ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ် ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများအား သတိပြုဆင်ခြင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ရန်ကုန်မှ ပြည်သို့ ခရီးသွားမည့် ပြည်သူ ၁၅၀ အား လူကုန်ကူးမှုတာဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့ ဆိုင်ကလုန်းမုန်တိုင်း မိုခါဒဏ်သင့် ပုဏ္ဏားကျွန်းမြို့၊ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရခိုင်ပြည်နယ် ခရီးစဉ်တွင် လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါဒဏ်သင့် ပုဏ္ဏားကျွန်းမြို့၊ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်မင်္ဂလာကြိုးတံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗိုလ်ချုပ်ကြီး မြထွန်းဦးက မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ လစဉ်လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နေကြသည်ဟု သိရှိရပါကြောင်း၊ အုပ်ချုပ်ရေးတာဝန်များ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့ရောက်ရှိဖြန့်ဖြူးနေမှုအခြေအနေ၊ ထွန်စက်နှင့် လက်တွန်းထွန်စက်များ ဖြန့်ဖြူးပေးထားမှုနှင့် ထွန်ယက်နေမှုအခြေအနေ၊ မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးနေမှုအခြေအနေ၊ မုန်တိုင်းဒဏ်သင့် အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများ ပြုပြင်ပြီးစီးမှု၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ဆက်သွယ်ရေးလိုင်းများ ပြုပြင်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီး မြထွန်းဦးက လိုအပ်သည်များကို မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ်။

ယင်းနောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် မြို့မရဲစခန်း၌ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် တွေ့ဆုံ၍ စခန်းအတွက် လိုအပ်ချက်များကို မှာကြားကာ ဒုတိယရဲချုပ်က တပ်ဖွဲ့ဝင် မိသားစုများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် စခန်းအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၏ ငွေတိုက်အား ကြည့်ရှုစစ်ဆေးပြီး ငွေတိုက်လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့သို့ သွားရောက်ပြီး အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ နယ်ခြားစောင့် တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင် မိသားစုများအတွက် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့ သာသနာ့ဗိမာန်၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ အားပေးစကားပြောကြားသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ဆန်၊ ဆီ၊ ရေသန့်စက်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး အဆိုပါသာသနာ့ဗိမာန်၌ မောင်တောမြို့နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ကဏ္ဍများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့သို့ သွားရောက်ပြီး အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မောင်တောမြို့ရှိ နယ်ခြားစောင့် တပ်ဖွဲ့ဝင် မိသားစုများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၁၀**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်သောပစ္စည်းများ၊ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော် (ရေ) မှ ထောက်ပံ့ရေးရေယာဉ်တစ်စင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၈၀၀၀ နှင့် ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) မှ မိသားစုသုံးပစ္စည်း အစုံ ၂၅၉၀၊ မီးဖိုချောင်သုံးပစ္စည်း ၃၁၇၄ စုံ၊ ဆေးဝါးပစ္စည်း အစုံ ၁၅၀၀၀၊ ရွက်ဖျင်တဲ ၁၅၁၆ လုံး၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်း ၁၀၇၆ အိတ်၊ စောင်အထည် ၅၀၀၀၊ သံကြိုးလွှစက် အလက် ၂၀၊ နေရောင်ခြည်စွမ်းအင်သုံးမီးအိမ် အစုံ ၅၀၊ VRLA ဘက်ထရီ အလုံး ၅၀၊ တာပေါ်လင် အလိပ် ၁၀၀၀ နှင့် မွေ့ရာလိပ် ၂၀၀ စုစုပေါင်း ကုန်တန်ချိန် ၇၄၉ တန်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့ နံနက်ပိုင်းက ထွက်ခွာသွားသည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများမွေးဖွားရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

ဒေါက်တာသန့်စင် ( ရူပဗေဒ )

**ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၎င်းတို့၏ သွင်းကုန်ထုတ်ကုန်ပစ္စည်းများကို နိုင်ငံအသီးသီးသို့ တင်ပို့ရာတွင် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလိုင်းတို့ဖြင့် တင်ပို့ကြပါသည်။ ထိုသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှတင်ပို့ခြင်းသည် စရိတ်အသက်သာဆုံးနှင့် တစ်ကြိမ်တင်ပို့လျှင် ကုန်ပမာဏအများဆုံးတင်ပို့နိုင်ခြင်းကြောင့် ကုန်သွယ်ရေကြောင်းတင်ပို့မှုကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်နေကြပါသည်။ လက်ရှိ ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပင်လယ်ရေကြောင်းမှ တင်ပို့နေကြပါသည်။ နောင်တွင် ထိုပမာဏထက် တိုးတက်များပြားလာမည်ဖြစ်ပါသည်။**

မြန်မာနိုင်ငံတွင် ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် စသည့် မြစ်ကြီးများအပြင် အခြားမြစ်လက်တက်များကို အသုံးပြု၍ မြန်မာနိုင်ငံထွက်ကုန်များကို သင်္ဘောများ၊ ကုန်တင်လှေကြီးများ၊ လှေငယ်များ စသည်တို့ကို အသုံးပြု၍ ကုန်သွယ်ရေကြောင်းဖြင့် တင်ပို့သွားလာမှုသည် အခြား ကုန်းလမ်း၊ လေကြောင်းလမ်းတို့ထက် တွင်ကျယ်စွာ အသုံးပြုနေကြပါသည်။ ထို့ကြောင့် ရေကြောင်းကုန်သွယ်မှုကို နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့အတွက် များစွာအလေးထား ဆောင်ရွက်နေကြပါသည်။




### နိုင်ငံတကာရေကြောင်းလိုင်းများတွင် အရာရှိကြီးများ၊ အရာရှိငယ်များအဖြစ် တာဝန်ထမ်းဆောင်

ထိုသို့ ရေကြောင်းကုန်သွယ်ရေးကို ဆောင်ရွက်ရာတွင် ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများကို နိုင်ငံတော်မှမွေးထုတ်ပေးရန် လိုအပ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တို့သည် ရေကြောင်းဆိုင်ရာ ကျွမ်းကျင်သူများကို နှစ်စဉ် မွေးထုတ်လေ့ကျင့်ပေးကာ ထိုတက္ကသိုလ်၊ ကောလိပ်များမှ ထွက်ပေါ်လာသော ကျောင်းဆင်းများသည် နိုင်ငံတကာရေကြောင်းလိုင်းများတွင် အရာရှိကြီးများ၊ အရာရှိငယ်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ကို ၁၉၆၃ ခုနှစ်ကပင် စတင်သန္ဓေတည်ကာ ရေကြောင်းဘက်ဆိုင်ရာအတတ်ပညာများကို သင်ကြားပေးခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း(၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်တွင် သင်တန်းကာလ(၂)နှစ်တက်ရောက်ပြီး ရေကြောင်းအရာရှိလောင်း၊ ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း၊ ရေကြောင်းလျှပ်စစ်နည်းပညာ အရာရှိလောင်းတို့ကို ရေကြောင်းပညာဆိုင်ရာ ဒီပလိုမာဘွဲ့ အပ်နှင်းပေးနေပါသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၅ ရက်နေ့က ကျင်းပသော ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၄) ကျောင်းဆင်းပွဲတွင် ရေကြောင်းအရာရှိလောင်း ၂၇ ဦး၊ ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၅၀၊ ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း ခြောက်ဦး စုစုပေါင်း ၈၃ ဦးကို ဒီပလိုမာဘွဲ့ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၏ အဓိကမျှော်မှန်းချက်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကုန်သွယ်ရေကြောင်းအခန်းကဏ္ဍ မြင့်တင်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ရေယာဉ်ဝန်ထမ်းကောင်းများ လေ့ကျင့်သင်ကြားပေးရန်နှင့် ကမ္ဘာ့အဆင့်ရှိ ရေကြောင်းပညာလေ့ကျင့်ရေးအဖွဲ့ ဖြစ်စေရန် ဖြစ်ပါသည်။ ထို့အပြင် ပင်လယ်ရေကြောင်း အမှုထမ်းများအား နိုင်ငံပိုင်နှင့် နိုင်ငံခြားကုမ္ပဏီပိုင် ရေယာဉ်များတွင် အမှုထမ်းနိုင်သည့် နိုင်ငံတကာ အသိအမှတ်ပြု ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများ ဖြစ်လာစေရန် လေ့ကျင့်ပေးခြင်းတို့ ပါဝင်ပါသည်။

### ကျောင်းသားဦးရေ ၂၀၀ ခန့် တစ်ပြိုင်နက် သင်ယူနိုင်ရန် ဆောက်လုပ်ထား

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် တည်ရှိပြီး မြေဧက အကျယ်အဝန်း ၁၀ ဒသမ ၄၅ ပေါ်တွင် တည်ဆောက်ဖွင့်လှစ်ထားပါသည်။ ကျောင်းသားအရာရှိလောင်းများအတွက် ၁၅၀ ဆံ့ အိပ်ဆောင်နှစ်ဆောင်နှင့် ကျောင်းသားများအတွက် လေးထပ်စာသင်ဆောင်၊ နှစ်ထပ် စာသင်ဆောင်၊ စာသင်ခန်းမ စသည့် အဆောင်များတွင် ကျောင်းသားဦးရေ ၂၀၀ ခန့်ကို တစ်ပြိုင်နက် သင်ယူနိုင်ရန် ဆောက်လုပ်ထားပါသည်။ သင်ကြားရေးဌာနများဖြစ်သော ရေကြောင်းပညာဌာန၊ ရေကြောင်းအင်ဂျင်နီယာဌာန၊ အလုပ်ရုံနည်းပညာဌာန၊ အင်္ဂလိပ်စာဌာန၊ ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ ကွန်ပျူတာသိပ္ပံဌာန၊ သင်္ချာဌာနနှင့် မြန်မာစာဌာနတို့အပြင် စီမံဌာနများတွင် သင်ကြားရေးနှင့် လေ့ကျင့်ရေးဌာန၊ စီမံရေးနှင့် အုပ်ချုပ်ရေးဌာန အစရှိသည်တို့ပါရှိကာ တက္ကသိုလ်ကောလိပ်ဖွဲ့စည်းပုံအပြည့်ဖြင့် ဖွဲ့စည်းထားပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းဆင်းအရာရှိလောင်းများတွင် ရေယာဉ်မှူးကြီး (Captain ) အဆင့် ၁၇၀၊ ကုန်းပတ်အရာရှိချုပ် (Chief Officer ) အဆင့် ၃၁၀၊ ဒုတိယကုန်းပတ်အရာရှိ ( Second Officer ) အဆင့် ၆၉၅ ဦး ၊ တတိယကုန်းပတ်အရာရှိ (Third Officer) အဆင့် ၁၈၁ ဦးနှင့် အင်ဂျင်နီယာမှူးကြီး (Chief Engineer) အဆင့် ၁၉၄ ဦး၊ ဒုတိယအင်ဂျင်နီယာ (Second Engineer ) အဆင့် ၃၀၅ ဦး၊ တတိယအင်ဂျင်နီယာ (Third Engineer) အဆင့် ၁၈၈၂ ဦးတို့သည် ယခုအခါ နိုင်ငံတကာသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြပါသည်။ ထိုသင်္ဘောအရာရှိများသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို ရှာဖွေပေးကာ အခွန်ထမ်းဆောင်နေကြသူများ ဖြစ်ပါသည်။ သူတို့၏ မိသားစုဘဝကို မြှင့်တင်ပေးနိုင်ကြသူများ ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကုန်သွယ်ရေကြောင်းကောလိပ်မှ မွေးထုတ်ပေးလိုက်သော လူ့စွမ်းအားအရင်းအမြစ်များသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ကြောင်း သက်သေပြလျက်ရှိပါသည်။ ယနေ့အချိန်အထိ ဤကောလိပ်ကျောင်းတော်ကြီးမှ ရေကြောင်းအရာရှိလောင်း ၂၈၂၈ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၂၇၂၆ ဦး စုစုပေါင်း အရာရှိလောင်း ၅၅၈၄ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

### နိုင်ငံတကာ သင်္ဘောလိုင်းများတွင် လက်တွေ့လုပ်ငန်းခွင် ၁၂ လတာဝန်ထမ်းဆောင်ရ

သင်တန်းကာလတွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်း အဖွဲ့ချုပ်(IMO)၏ ရေကြောင်းပညာရေးနှင့် လေ့ကျင့်ရေးစံချိန်စံညွှန်းနှင့်အညီ သင်ကြားပို့ချပေးပါသည်။ စာတွေ့လက်တွေ့အပြင် ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ခေတ်မီ simulator များဖြင့် လေ့ကျင့်သင်ကြားပေးနေပါသည်။ ကောလိပ်စာကြည့်တိုက်တွင် ရေကြောင်းပညာရပ်ဆိုင်ရာ စာအုပ်များ၊ အခြားဘာသာရပ်ဆိုင်ရာစာအုပ်များ၊ သုတ ရသ စာအုပ်များအပြင် ဒစ်ဂျစ်တယ်စာကြည့်ခန်းမကိုပါ မြန်နှုန်းမြင့်အင်တာနက်အသုံးပြုနိုင်ရန် စီစဉ်ထားရှိပါသည်။ ကျောင်းသားအရာရှိလောင်းများအတွက် စာကြည့်တိုက်အသုံးပြုနိုင်ရန် အချိန်သီးသန့်ပေးထားပါသည်။ ကျောင်းသားများအတွက် နေထိုင်ရန် အဆောင်များသည် သန့်ရှင်းသပ်ရပ်ပြီး စားသောက်ရေးအတွက် တစ်နေ့လျှင် မနက်စာ၊ နေ့လယ်စာ၊ ညနေစာတို့ကို တစ်ဦးလျှင် တစ်နေ့ ငွေကျပ် ၄၅၀၀ နှုန်းဖြင့် ကျွေးမွေးပါသည်။ ထို့ပြင် ကိုယ်ကာယလှုပ်ရှား အားကစားလေ့ကျင့်ခန်းပြုလုပ်ရန် အားကစားကွင်း၊ အားကစားလေ့ကျင့်ရန် ပစ္စည်းများလည်း ပြည့်စုံစွာ ထားရှိပါသည်။ ကျောင်းဆင်းရေကြောင်းအရာရှိလောင်းများသည် ပင်လယ်ပြင်လုပ်သက်ရယူရေးအတွက် နိုင်ငံတကာ သင်္ဘောလိုင်းများတွင် လက်တွေ့လုပ်ငန်းခွင် ၁၂ လ တာဝန်ထမ်းဆောင်ရပါသည်။ ထိုသို့ အလုပ်သင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ပြီးပါက သက်ဆိုင်ရာ သင်္ဘောလိုင်းများတွင် အရာရှိငယ်အဖြစ် စတင်တာဝန်ထမ်းဆောင်နိုင်ပါသည်။

*စာမျက်နှာ ၁၁ သို့*

**❖ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ အဓိကမျှော်မှန်းချက်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကုန်သွယ်ရေကြောင်းအခန်းကဏ္ဍ မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ရေယာဉ်ဝန်ထမ်းကောင်းများ လေ့ကျင့်သင်ကြားပေးရန်နှင့် ကမ္ဘာ့အဆင့်ရှိ ရေကြောင်းပညာလေ့ကျင့်ရေးအဖွဲ့ ဖြစ်စေရန်ဖြစ်**



ကျောင်းသားများအား ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးစဉ်။

# ပြန်ကြားရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပခရီးစဉ် အတွေ့အကြုံရှင်းလင်းတင်ပြခြင်း ဒုတိယအကြိမ် အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ပနိုင်ငံများ၌ လေ့လာရေးခရီးစဉ်၊ လူငယ်ထိပ်သီးတွေ့ဆုံပွဲ၊ အစည်းအဝေးများ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပခရီးစဉ် အတွေ့အကြုံ ရှင်းလင်းတင်ပြခြင်း ဒုတိယအကြိမ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။





အခမ်းအနားတွင် **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးအာကာတိုက်အောင်** က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် အာဆီယံ–အိန္ဒိယ ဂီတပွဲတော်သို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကို လည်းကောင်း၊ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဒေါ်ခိုင်သဥ္ဇာ** က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် (၅၇) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဒေါ်စုသက်မှူး (အပေါ်ပုံ)** က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်နိုင်ငံတကာ ရေဒီယိုအသံလွှင့်ဌာန (China Radio International –CRI) တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အထိ ကျင်းပသည့် မြန်မာဘာသာ အသံလွှင့်သူ ရာထူးနေရာတွင် ပြင်ပဝန်ထမ်း စည်းကမ်းချက်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင် (၁) ဦးကြည်စိုးညွန့်** က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၂၂ ခုနှစ် ဇွန်လ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် အာဆီယံ–အိန္ဒိယသတင်းသမားများ အပြန်အလှန် လေ့လာရေး ခရီးစဉ်သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကို လည်းကောင်း။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းထွန်းနေလှိုင်** က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် အာဆီယံ – အိန္ဒိယ သတင်းသမားများ အပြန်အလှန်လေ့လာရေး ခရီးစဉ်သို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကို လည်းကောင်း၊ **ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ စာတည်း ဒေါ်အိအိငယ်** က အိန္ဒိယနိုင်ငံ အန်ဒရာပရာဒစ်ပြည်နယ် ဗီဆာခါပတ်နမ်မြို့တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှ ဇွန်လ ၁၆ ရက်အထိ ကျင်းပသည့် (၄) ကြိမ်မြောက် အာဆီယံ – အိန္ဒိယ လူငယ်ထိပ်သီးတွေ့ဆုံပွဲသို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၂၂ - ၂၀၂၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲအမှတ်အများဆုံး ပထမဖြင့် အောင်မြင်ခဲ့သူအပါအဝင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၈၀ နှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂–၂၀၂၃ ခုနှစ် ပညာရည်ချွန်ဆုနှင့် ဝန်ထမ်းထူးချွန်ဆု ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ယူသွားကြမည့် လူငယ်များအနေဖြင့် ယခုကဲ့သို့ ထူးချွန်အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ဆက်လက်တက်ရောက်မည့် တက္ကသိုလ်များ၊ ဆည်းပူးမည့် ဘာသာရပ်များ ရွေးချယ်ရာတွင်လည်း မိမိတို့အမှန်တကယ် စိတ်ဝင်စားပြီး ထူးချွန် အောင်မြင်နိုင်သည်ဟု ယုံကြည်ချက်ရှိသော တက္ကသိုလ်နှင့် ဘာသာရပ်ကို မိဘနှင့် သားသမီးများ တိုင်ပင်ရွေးချယ်ကြရန် အကြံပြု တိုက်တွန်းပါကြောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ဖွင့်လှစ်သည့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရရှိအောင် ဝါယမစိုက်ထုတ် ကြိုးစားခဲ့ကြသည့် ထူးချွန်ဝန်ထမ်းများ အတွက်လည်း ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ၂၀၂၂–၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲ အမှတ်အများဆုံး (ပထမ) ရရှိသူ မောင်ဟိန်းဝေယံထွန်း (ဝဲပုံ)၊ မြန်မာတစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲ အမှတ်အများဆုံး (တတိယ) ရရှိသူ မဇွဲယုနန္ဒာထွန်းနှင့် မသန့်ဆုရတီ တို့ကိုလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ဘာသာစုံဂုဏ်ထူးရရှိသူ ၁၃ ဦး၊ ငါးဘာသာဂုဏ်ထူး ရရှိသူ ၁၇ ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ၂၁ ဦး၊ သုံးဘာသာ ဂုဏ်ထူး ရရှိသူ ၂၁ ဦးတို့ကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်က နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရ အရာထမ်း အမှုထမ်း ငါးဦးကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက ထူးချွန်ဆုများပေးအပ်နိုင်ရန် အလှူငွေများထည့်ဝင် လှူဒါန်းခဲ့ကြသည့် မြန်မာနိုင်ငံလယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်းနှင့် အလှူရှင်များကို ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ ဝင်ရောက်ဖြေဆိုသူ ၉၀၀ ကျော်ရှိရာ ၆၇ ရာခိုင်နှုန်းကျော် အောင်မြင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ယခုအခါ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်ဝင်ခွင့် အမှတ်စဉ်(၁၇)ကို ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက် ခေါ်ယူလျက်ရှိပါသည်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များ ပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်း ရမှတ်အနည်းဆုံး ၄၀၀ ရရှိရမည်ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၁၉ နှစ်ထက် မကျော်လွန်စေရဟု ဖော်ပြထားပါသည်။ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအတွက် ၁၃၀၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း သင်တန်းအတွက် ၁၃၀၊ ရေကြောင်းလျှပ်စစ်နည်းပညာ အရာရှိလောင်း သင်တန်းအတွက် ၄၀ စုစုပေါင်း ကျောင်းသားဦးရေ ၃၀၀ ကို လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာကို ( ၃-၇-၂၀၂၃) မှ (၁-၉-၂၀၂၃) အထိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် လက်ခံပြီး သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက် နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိပါသည်။

ယခုအခါ ပင်လယ်ကူးသင်္ဘောသားအရာရှိ အလုပ်သည် ဝင်ငွေကောင်းသော အလုပ်တစ်ခုဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတကာသင်္ဘောကုမ္ပဏီများသည် လုပ်ငန်းကျွမ်းကျင်ပြီး စည်းကမ်းလိုက်နာကာ အရည်အသွေး အာမခံမှုရှိသည့်၊ စွမ်းရည်ရှိသည့် သင်္ဘောအရာရှိလောင်းများကိုသာ ရွေးချယ်ခန့်အပ် တာဝန်ပေးအပ်ကြပါသည်။

> “ကုန်သွယ်ရေကြောင်းကောလိပ်မှ မွေးထုတ်ပေးလိုက်သော လူ့စွမ်းအားအရင်းအမြစ်များသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ကြောင်း သက်သေပြလျက်ရှိပါသည်။ ယနေ့အချိန်အထိ ဤကောလိပ်ကျောင်းတော်ကြီးမှ ရေကြောင်းအရာရှိလောင်း ၂၈၂၈ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၂၇၂၆ ဦး စုစုပေါင်း အရာရှိလောင်း ၅၅၈၄ ဦးကို မွေးထုတ်ပေးခဲ့”

ထို့ကြောင့် ရေကြောင်းဘက်ဆိုင်ရာ အရည်အချင်းကျွမ်းကျင်ပြည့်ဝသူများ မွေးထုတ်ပေးနေသည့် **“မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်”** သည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာနေရာများတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။**



အစည်းအဝေးတွင် ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နှစ်စဉ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် ဝါတွင်းသုံးလအတွင်း ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ သင်္ကန်းဖြင့် မပင်ပန်းစေရန် ရည်ရွယ်ဆက်ကပ်ခြင်းဖြစ်ကြောင်း၊ ဝိနည်းတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး ကာလဒါနလည်းဖြစ်သည့်အတွက် ဘုရားရှင်အလိုတော်ကျ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ် တွေ့ကြုံခဲ့ရသော အားနည်းချက်များကို ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် အားသာချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များဖြင့် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ဖခင်ထံမှ သွေးပင်မကလာပ်စည်းကိုအသုံးပြု၍ အပြင်းစားသွေးကင်ဆာလူနာ တစ်ဦးကို ကုသမှုပေးနေစဉ်။ (၃-၆-၂၀၂၃)**

❑ *ကျောဖုံးမှ*

ပေးနိုင်ခဲ့သော်လည်း ယခုအခါ တိုးတက်လာသည့် ဆေးပညာရပ်များအရ မျိုးဗီဇတစ်ဝက်တူညီမှုရှိသူ (ဥပမာ – မိခင်/ဖခင်၊ သား/သမီး၊ ညီအစ်ကို/မောင်နှမ) များအကြား လှူဒါန်းသည့်ပင်မကလာပ်စည်း (Stem cell) ကို အသုံးပြု၍သွေးခြင်ဆီ အစားထိုးကုသခြင်း (Hap- loidentical Allogeneic Transplant) ကို ဆောင်ရွက်လာနိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး သွေးခြင်ဆီပင်မကလာပ်စည်း အစားထိုးကုသမှု (Hematopoietic Stem Cell Trans-plant–HSCT) ကို မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ သွေးကင်ဆာ လူနာများတွင် ၂၀၁၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လူနာ၏ ကိုယ်ပိုင် ပင်မကလာပ်စည်း (Stem cell) ကို အသုံးပြုသော Autologous HSCT ဖြင့် သွေးရောဂါဆိုင်ရာ ကင်ဆာတစ်မျိုးဖြစ်သည့် (Myeloma) နှင့် ပြန်ရည်ကြိတ်ကင်ဆာ (Lymphoma) လူနာ ၁၈ ဦးနှင့် အလှူရှင်ထံမှရသော ပင်မကလာပ်စည်း (Allogeneic HSCT) ဖြင့် အပြင်းစားသွေးကင်ဆာ (Acute Myeloid Leuke-mia) လူနာသုံးဦး စုစုပေါင်း ၂၁ ဦးကို ကုသပေးနိုင်ခဲ့သည်။ ထို့အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်လည်း ၂၀၁၆ ခုနှစ်မှစတင်၍ သွေးခြင်ဆီပင်မကလာပ်စည်း အစားထိုးကုသမှု(HSCT)ဖြင့် သွေးရောဂါဆိုင်ရာ ကင်ဆာတစ်မျိုးဖြစ်သည့် (Myeloma) လူနာ ၁၃ ဦးကို ကုသနိုင်ခဲ့သည်။

ယခုကဲ့သို့ ပြည်သူ့ဆေးရုံကြီးများတွင် မြန်မာနိုင်ငံသား ဆရာဝန်ကြီးများက ဦးဆောင်၍ သွေးခြင်ဆီ ပင်မကလာပ်စည်းအစားထိုးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် လူနာနှင့် လူနာ၏ မိသားစုဝင်များအနေဖြင့် နိုင်ငံရပ်ခြားတွင် သွားရောက်ကုသရသည့် ဆေးကုသမှုကုန်ကျစရိတ်အများအပြားကို လျှော့ချနိုင်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါကုသမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကာ အပြည့်အဝ ကူညီပံ့ပိုးမှုများ ပေးအပ်နေကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၀**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၀

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

❖ *ကျောဖုံးမှ*

ဗီယက်နမ်၊ ထိုင်းနှင့် မြန်မာအသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဖီးဗေ (ဂိုး)၊ ယွန်းဝတီလှိုင်၊ ဒီဇင်ဘာနှင်း၊ ဟေမာန်စိုး၊ ယုယနိုင်၊ မေသက်မွန်မြင့်၊ ခင်ဌေးကြိုင်၊ ဖြူဖြူဝင်း၊ ဝေဖူးအိမ်၊ ယဉ်လွန်းအိမ်၊ ဇင်မိုးပြည့်တို့ဖြင့် ပွဲထွက်ခဲ့သည်။ သရေကျပါက နှစ်သင်းစလုံး ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သောကြောင့် ထိန်းကစားခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရသော်လည်း အသုံးမချနိုင်ခဲ့ဘဲ ပွဲပြီးခါနီးတွင် ထိုင်းအသင်းက အနိုင်ဂိုးသွင်းယူခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ အင်ဒိုနီးရှားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု (ခ) ၌ ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု (ဂ) ၌ ထိုင်းအသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ အုပ်စုဒုတိယနေရာရရှိသည့်အသင်းများအနက် မြန်မာအသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်းတို့မှာ သုံးမှတ်စီရခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့် မြန်မာအသင်းက အကောင်းဆုံးအသင်းဖြစ်ခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်အင်ဒိုနီးရှားနှင့် ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်း တွေ့ဆုံနေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

## ဆွီဒင်နိုင်ငံ၏ နေတိုးအဖွဲ့ဝင်အဖြစ်လျှောက်ထားမှုကို အမေရိကန်သမ္မတနှင့် တူကီယဲသမ္မတတို့ ဆွေးနွေး

**ဝါရှင်တန် ဇူလိုင် ၁၀**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တူကီယဲသမ္မတ ရီဆက်တေရစ် အာဒိုဂန်တို့သည် နေတိုးထိပ်သီး အစည်းအဝေးပွဲမတိုင်မီ ဆွီဒင်နိုင်ငံ၏ နေတိုးအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို ဆွေးနွေးသွားမည်ဟု သိရသည်။ နေတိုးထိပ်သီး အစည်းအဝေးကို ဇူလိုင် ၁၁ ရက်တွင် ကျင်းပသွားရန် စီစဉ်ထားသည်။ ဇူလိုင် ၉ ရက်က ခေါင်းဆောင်နှစ်ဦး ဖုန်းဖြင့် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဂျိုးဘိုင်ဒင်အနေဖြင့် ဆွီဒင်နိုင်ငံကို နေတိုးအဖွဲ့ဝင်အဖြစ် အမြန်ဆုံး လက်ခံသွားနိုင်ရေးကို ကြိုဆိုကြောင်း အိမ်ဖြူတော်က ပြောသည်။ အက်(ဖ်)-၁၆ တိုက်လေယာဉ်များ တူကီယဲနိုင်ငံသို့ ထောက်ပံ့ပေးရေးကိုလည်း ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။ ဆွီဒင်နိုင်ငံသည် ၎င်းတို့၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ခြင်းဖြင့် လမ်းကြောင်းမှန်ပေါ်သို့ ခြေလှမ်းများ လှမ်းနေပြီဟု အာဒိုဂန်က ပြောခဲ့သည်ဟု တူကီယဲသမ္မတရုံးက ပြောသည်။

သို့သော်လည်း ဆွီဒင်နိုင်ငံ၏ ကာ့ဒ်သူပုန်များ အပေါ် ဆောင်ရွက်မှုမှာ လုံလောက်မှုမရှိသေးဟု ၎င်း၏မကျေနပ်မှုကို ထုတ်ဖော် ပြောကြားခဲ့သည်။ နေတိုးထိပ်သီး အစည်းအဝေး ကျင်းပမည့် လစ်သူယေးနီးယား မြို့တော် ဗီးနီးယက်စ်မြို့၌ အမေရိကန်သမ္မတနှင့် တူကီယဲသမ္မတတို့ လူချင်းတွေ့ဆုံရန် အစီအစဉ်ရှိသည်ဟု ကြေညာခဲ့သည်။ ဆွီဒင်နိုင်ငံ၏ နေတိုးအဖွဲ့ဝင်အဖြစ် လျှောက်ထားမှု အခြေအနေ တိုးတက်မှုကို အာရုံစိုက်နေကြသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ ရေကြီးမြေပြိုမှုများကြောင့် သုံးဦးသေဆုံး

**တိုကျို ဇူလိုင် ၁၀**



ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ ရေကြီးမြေပြိုမှုများဖြစ်ပွားပြီး အနည်းဆုံး လူသုံးဦးသေဆုံးခဲ့ပြီးနောက် ဂျပန်မိုးလေဝသအရာရှိများက ကျူရှူးပြည်နယ် အိုအီတာနှင့် ဖူကူအိုကာခရိုင်များတွင် မိုးသည်းထန်စွာ ရွာသွန်းမည့် အရေးပေါ်သတိပေးချက်ကို အဆင့်လျှော့ချသတ်မှတ်လိုက်သော်လည်း မိုးများဆက်လက် ရွာသွန်းဦးမည်ဖြစ်ကြောင်း ဒေသခံများကို သတိပေးထားသည်။

အရေးပေါ်သတိပေးချက်ကို အဆင့်လျှော့ချသတ်မှတ်လိုက်ခြင်းသည် ရေကြီးမြေပြိုမှုများ မရှိတော့ဘူးဆိုသည့် သဘောမဟုတ်ကြောင်း မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန အရာရှိတစ်ဦးဖြစ်သည့် တိုယိုဂူချီယိုရှီယူကီက ပြောသည်။

ဆိုအီဒါခရိုင်တွင် တနင်္လာနေ့အစောပိုင်းက ဖြစ်ပွားခဲ့သော မြေပြိုမှုက အသက် ၇၀ ကျော်အဘိုးအဘွား လင်မယားနှစ်ဦး နေထိုင်သည့် နေအိမ်ကို ထိခိုက်ခဲ့သည့်အတွက် အဘွားအိုသေဆုံးခဲ့ပြီး အဘိုးအိုမှာ ဒဏ်ရာများရရှိခဲ့ကြောင်း မီးသတ်သမားများက ပြောကြားခဲ့သည်။

ဟီရိုကာဝါမြို့ ရေလွှတ်မြောင်းအဆုံး ကုန်တင်ကားထဲတွင် တွေ့ခဲ့သော အမျိုးသားတစ်ဦးမှာ သေဆုံးခဲ့ပြီးဖြစ်ကြောင်း ကြေညာခဲ့သည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ယာဘာကီမြို့၌ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဒေသခံများကို သတိဖြင့် နေထိုင်သွားကြရန် အရာရှိများက သတိပေးထားသည်။ ဂျပန်နိုင်ငံမြောက်ပိုင်း ကျူရှူးယာမာဂူချီခရိုင်များတွင် ဇူလိုင် ၁၀ ရက် ညအထိ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံ၌ ကာရန်ဂီတန်မီးတောင် ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ ဇူလိုင် ၁၀**

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း ဆူလာဝေစီကျွန်း၏ ကမ်းခြေရှိ စီအောကျွန်းပေါ်၌ ကာရန်ဂီတန်မီးတောင်မှာ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ပေါက်ကွဲခဲ့သဖြင့် ဒေသခံများနှင့် ခရီးသွားများကို မီးတောင် ပေါက်ကွဲသည့် ဇရိယာ၏ ဝေးရာတွင် နေထိုင်ရန် အာဏာပိုင်များက သတိပေးထားသည်။

မီးတောင်မှာ အရှေ့တောင်ဘက် ၂ ကီလိုမီတာ အကွာအထိ ပြာပူများ မှုတ်ထုတ်ခဲ့ကြောင်း နိုင်ငံ၏ ဘူမိဗေဒအေဂျင်စီမှ အကြီးအကဲဖြစ်သူ ဆူဂင်းမူဂျီရန်တိုက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ချော်ရည်များ စီးဆင်းခြင်းနှင့် ပူပြင်းသည့် မီးခိုးလုံးများမှ ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များကြောင့် မီးတောင်ထိပ်ဝ၏ အချင်းဝက် ၂ ဒသမ ၅-၃ ဒသမ ၅ ကီလိုမီတာအတွင်း လှုပ်ရှားသွားလာမှုများကို ရှောင်ကြဉ်ရန် မူဂျီရန်တိုက အနီးနားရှိ ဒေသခံများနှင့် လာရောက်လည်ပတ်သူများကို အကြံပြုထားသည်။

မီးတောင် လှုပ်ရှားမှုများ တိုးလာခြင်းကြောင့် မေလမှစတင်ကာ အမြင့် ၁၇၈၄ မီတာရှိသည့် မီးတောင်နှင့် ပတ်သက်ပြီး သတိပေးချက် အဆင့် ၃ အထိ အင်ဒိုနီးရှား အာဏာပိုင်များက တိုးမြှင့်ထားသည်။ **ဆင်ဟွာ**



ကာရန်ဂီတန်မီးတောင်ပေါက်ကွဲနေမှုကို တွေ့ရစဉ်။

## အိုက်စလန်နိုင်ငံ၌ လေယာဉ်ပျက်ကျ ယာဉ်ပေါ်ပါလေယာဉ်မှူးနှင့် ခရီးသည်နှစ်ဦးသေဆုံး

**ဟယ်စင်ကီ ဇူလိုင် ၁၀**

အိုက်စလန်နိုင်ငံ အရှေ့ပိုင်း၌ လေယာဉ်တစ်စင်းပျက်ကျမှု ဖြစ်ပွားသဖြင့် သုံးဦးသေဆုံးကြောင်း အိုက်စလန်အသံလွှင့်ကုမ္ပဏီ အာယူဗွီက ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

လေယာဉ်ပျံတက်ပြီးမကြာမီ ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီဝန်းကျင်က လေးဦးမှ ခြောက်ဦးဆံ့သည့် ဆက်စနာ အမျိုးအစားလေယာဉ်မှ အရေးပေါ်သတင်းစကားတစ်ခုကို ပေးပို့ခဲ့ကြောင်း သိရသည်။ ဆော်ဒါဂျူကာအနီး နှစ်နာရီကြာ ရှာဖွေမှုများလုပ်ဆောင်ပြီးနောက် လေယာဉ်၏ အပိုင်းအစများကို တွေ့ရှိခဲ့ကြောင်း သိရသည်။ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးတစ်ဦးနှင့် ခရီးသည်နှစ်ဦးအပါအဝင် ယာဉ်ပေါ်ပါအားလုံး သေဆုံးခဲ့ကြောင်း၊ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## တူကီယဲ၌ အိုင်အက်စ်နှင့် ဆက်နွှယ်မှုကြောင့် နိုင်ငံခြားသား ၂၂ ဦးကို ဖမ်းဆီး


**အန်ကာရာ ဇူလိုင် ၁၀**

တူကီယဲရဲတပ်ဖွဲ့က မြို့တော်အန်ကာရာတစ်ဝန်း အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ဆင်ရေးတစ်ခုအဖြစ် အိုင်အက်စ်အုပ်စုနှင့် ဆက်နွှယ်သည့် နိုင်ငံခြားသား ၂၂ ဦးကို ဖမ်းဆီးလိုက်ကြောင်း တရားဝင် သတင်းဌာန အန်ဒိုလူအေဂျင်စီက ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

ရဲတပ်ဖွဲ့က အိုင်အက်စ်အုပ်စုနှင့် ဆက်နွှယ်သည့် စွပ်စွဲချက်ဖြင့် သံသယရှိသူ ၂၇ ဦးကို ဖမ်းဆီးရန် စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်ရှိသည့် သံသယရှိသူများကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်း လုံခြုံရေးသတင်းအချက်အလက်များကို ကိုးကားပြီး အန်ဒိုလူက ပြောကြားသည်။ တူကီယဲနိုင်ငံအတွင်း အိုင်အက်စ်အုပ်စုက လူအသေအပျောက်များသည့် ဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်က အိုင်အက်စ်ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။ ထိုအချိန်မှစကာ မြို့အများအပြားတွင် လုံခြုံရေးတပ်ဖွဲ့များက သံသယရှိသည့် အိုင်အက်စ်အဖွဲ့ဝင်များကို ဖမ်းဆီးထိန်းသိမ်းခြင်းများ ပုံမှန်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကိုဗစ်သက်သာချေးငွေများ ပြန်လည်ပေးဆပ်ရမည့်အချိန် ရောက်လာသည်နှင့်အမျှ ဂျပန်၌ ဒေဝါလီခံရမှုများ မြင့်တက်လာ

**တိုကျို ဇူလိုင် ၁၀**




စီးပွားရေးလုပ်ငန်းရှင် အချို့သည် ကိုဗစ်သက်သာ ချေးငွေများ ပြန်လည်ပေးဆပ်ရန် ရုန်းကန်နေရသည့်အတွက် ယခုနှစ် ပထမနှစ်ဝက်အတွင်း ဂျပန်နိုင်ငံ၌ ဒေဝါလီခံရမှုများ မြင့်တက်လာကြောင်းနှင့် ငါးနှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် ဒေဝါလီခံရမည့် စီးပွားရေးလုပ်ငန်းကုမ္ပဏီ ၄၀၀၀ ကျော်လာကြောင်း သိရသည်။

ဇွန်လအထိ ခြောက်လအတွင်း ကုမ္ပဏီပေါင်း ၄၀၀၆ မှာ စာရင်းရှင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်များ စတင်ခဲ့ကြောင်း ပုဂ္ဂလိက ချေးငွေသုတေသန ကုမ္ပဏီ တိုက်ကိုကု ဒါဒါဘဏ်က ပြောသည်။ အဆိုပါ ပမာဏသည် ယခင်နှစ်က အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကာ ကုမ္ပဏီတစ်ခုချင်းစီတွင် ကြွေးမြီ ယန်း ၁၀ သန်း သို့မဟုတ် ကန်ဒေါ်လာ ၇၀၀၀၀ ခန့်ရှိသည်ဟု သိရသည်။

ကုမ္ပဏီစုစုပေါင်း ၃၀၄ ခုသည် အတိုးမဲ့နှင့် အာမခံပစ္စည်းကင်းလွတ်ခွင့် ကိုဗစ်သက်သာ ချေးငွေများ လက်ခံရရှိခဲ့သည်။ အဆိုပါပမာဏသည် ခြောက်လအတွင်း အမြင့်ဆုံးအရေအတွက်သို့ ရောက်ရှိခဲ့သည်ဟု သိရသည်။ အချို့စီးပွားရေး လုပ်ငန်းရှင်များသည် ချေးငွေပြန်လည်ပေးဆပ်ရမှု၊ ဈေးနှုန်းများမြင့်တက်မှုနှင့် လုပ်သားအင်အား ရှားပါးမှုများနှင့် ရင်ဆိုင်နေရသည့်အတွက် ဇူလိုင်နှင့် ၎င်းလနောက်ပိုင်းတွင် ဒေဝါလီခံရမှုများ ဆက်လက်မြင့်တက်နိုင်ကြောင်း သုတေသီများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အသုံးပြုနည်း သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဖွင့်လှစ်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီ တွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီး ဌာနနှင့်ကော်မရှင်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အများ ပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အတွက် ဝန်ကြီးဌာန CPU (Corruption Prevention Unit) တစ်ခု၊ ဦးစီးဌာန CPU သုံးခုနှင့် DEO (Data Entry Office) ၃၃ ခု တို့ကို ဖွင့်လှစ်ထားပြီး အသုံးပြုနည်း သင်တန်းများကိုလည်း ယခုသင်တန်း အပါအဝင် စုစုပေါင်း(၆)ကြိမ် ဖွင့်လှစ်ခဲ့ပါ ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်း တွင် ဝန်ဆောင်မှုယူကြရသော ပြည်သူ တစ်ဦးချင်းထံသို့ Public Feedback Programme– PFP နည်းပညာအသုံးပြု ပြီး တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်၍ အသေးစားအဂတိလိုက်စားမှု မဖြစ်စေရန် တားဆီးကာကွယ်ရေးစနစ်ကို ထိရောက် စွာအသုံးပြုနိုင်ရေး ဆွေးနွေးပို့ချသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**စာတွေ့၊ လက်တွေ့ဆွေးနွေးမည်**

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ယခု PFP Web Portal အသုံးပြုနည်းသင်တန်း ကိုလည်း ဦးစီးဌာန သုံးခုရှိ ဝန်ထမ်း ၆၁ ဦးကို ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ In–Person ဖြင့် လက်တွေ့အသုံးချနိုင် သည်အထိ စာတွေ့၊ လက်တွေ့ဆွေးနွေး ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်း တွင် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ ပို့ချ သည့် သင်ခန်းစာများကို လက်တွေ့အသုံး ချနိုင်သည်အထိ လေ့လာမှတ်သားစေလို ကြောင်း၊ လက်တွေ့လုပ်ငန်း ဆောင်ရွက် ရာတွင်လည်း နည်းပညာဆိုင်ရာ အခက်အခဲများရှိပါက ကော်မရှင်အနေ ဖြင့် ကူညီပံ့ပိုးဖြေရှင်းပေးသွားမည်ဖြစ် ကြောင်း ပြောကြားသည်။

**အသုံးပြုနည်းရှင်းလင်း**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ နိုင်ငံတကာ ရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီး ဌာန တားဆီးကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက PFP Web Portal အသုံးပြုနည်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးသည်။

**ဇူလိုင်၁၂ရက်အထိသင်တန်းပို့ချမည်**

အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အသုံးပြုနည်းသင်တန်းကို ဘာသာရပ်ဆိုင်ရာပုဂ္ဂိုလ်များက ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ သင်တန်းပို့ချ သွားမည်ဖြစ်ကြောင်းနှင့် နေပြည်တော် ရုံးချုပ်မှ ၃၆ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ၂၅ ဦး စုစုပေါင်းသင်တန်းသား ၆၁ ဦး တက်ရောက်ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာကျောင်း များ၏ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် ဇေယျာ သီရိမြို့နယ် အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်း (နေပြည်တော်)ရှိ အားကစား ခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံ ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြား ရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများ၊ တပ်မတော်ပညာရေး ကျောင်းများမှ ကျောင်းအုပ်ကြီး များနှင့် ကျောင်းအုပ်ချုပ်မှု တာဝန်ခံ အရာရှိများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ကဏ္ဍကြီးသုံးရပ်ထုဆစ်ပုံဖော်**

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက အမှာ စကားပြောကြားရာတွင် အခြေခံ ပညာကျောင်းများသည် လူ့အသိုက် အဝန်းတစ်ရပ်၏ အဓိကအရင်း အမြစ်ဖြစ်သော အသိပညာ စွမ်းအား၊ အတတ်ပညာစွမ်းအား၊ အတွေးအခေါ်စွမ်းအား စသည့် ကဏ္ဍကြီး သုံးရပ်ကို ထုဆစ်ပုံဖော် ပေးနေသည့် ဌာနများဖြစ် ကြောင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်း ကောင်းမွန်ခြင်း၊ တာဝန်သိတတ်ခြင်း၊ တိုင်းချစ်၊ ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ် ပြည့်ဝ ခြင်း စသည့်အချက်များသည် မိမိတို့နိုင်ငံအနာဂတ်နှင့် ငြိမ်းချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတတ်မှုအပေါ် တိုက်ရိုက် သက်ရောက်စေသည့် အခြေခံကောင်းများဖြစ်ကြောင်း၊ ပညာရည် မြင့်မားစေရေးနှင့် ၎င်းအချက်များ ပြည့်စုံစေရေး ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက် သည့် အချက်အလက်များ ကို ဝိုင်းဝန်းဖော်ထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုအလုပ်ရုံ ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ် ကြောင်း၊ ပညာရေးကျောင်းများ နှင့် တပ်မတော်အခြေခံပညာ ကျောင်းများ၏ အားသာချက်/ အားနည်းချက် အသီးသီးအပေါ် တွင် လက်တွေ့ကျကျ သုံးသပ် အဖြေရှာပြီး အပြုသဘောဆောင် သည့် အကြံပြုချက်များ ပြုပေး စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) ဦးကျော်ဆွေက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

**ခေါင်းစဉ်များအလိုက်ဆွေးနွေး**

ဆက်လက်၍ အခြေခံပညာ ကျောင်းများ၌ နိုင်ငံတော်အလံ အလေးပြုခြင်း၊ နိုင်ငံတော်သီချင်း သီဆိုခြင်းများဖြင့် ကျောင်းသား ကျောင်းသူများ၏ စိတ်တွင် တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်း စေနိုင်သောကြောင့် နေ့စဉ်ပြုလုပ် ရန် လိုအပ်ပြီး ကျောင်းအားလုံး အလေးထား လိုက်နာစေရေး ဆောင်ရွက်မည့် အခြေအနေ၊ ပညာသင်နှစ်အတွက် သင်ကြား ရေးဆိုင်ရာ တာဝန်များကို ကျောင်းမဖွင့်မီကြိုတင်ဆောင်ရွက် ရသည့်အတွက် သင်ကြားရေး ဝန်ထမ်းများ၏ အပြောင်းအရွှေ့ ကိစ္စများကို ကျောင်းမဖွင့်မီ ဧပြီလ (သို့မဟုတ်) မေလအတွင်း ဆောင်ရွက်ပေးနိုင်မှုနှင့် အလယ် တန်းနှင့် အထက်တန်း တွဲဖက် သင်ရိုးဝင် ဘဝတွက်တာကျွမ်း ကျင်စရာ သင်ခန်းစာစာအုပ်များ ရရှိရေးဆောင်ရွက်မည့် အခြေ အနေ၊ KG + 12 (5+4+3) စနစ်သစ် ပညာရေးအား လက်ရှိပညာသင် နှစ်တွင် အတန်းစုံ အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဖြစ်သဖြင့် မူလတန်း၊ အလယ် တန်း၊ အထက်တန်းများ၏ အတန်း ပြီးမြောက်မှုစာမေးပွဲများ စစ်ဆေး မှု၊ လက်မှတ်များထုတ်ပေးမှုနှင့် တက္ကသိုလ်များ၊ အသက်မွေး ဝမ်းကျောင်းပညာများ ဆက်လက် သင်ယူနိုင်မည့် အခြေအနေ၊ စနစ်သစ် Grade–10, Grade–11, Grade–12 သင်ခန်းစာများသည် level တစ်ခုအနေဖြင့် မြင့်မား သည့်အတွက် Grade–9 စာမေးပွဲ အစိုးရစစ်အတွက် စာမေးပွဲစစ် ဆေးခြင်းနှင့် အတန်းကူးပြောင်း ပေးခြင်းမူဝါဒကို ပြောင်းလဲခြင်း ရှိ/မရှိ အခြေအနေ၊ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် Grade–12 စာမေးပွဲ စစ်ဆေးရေးဆိုင်ရာ အချက် အလက်များနှင့် အဆင့်သတ်မှတ် ချက်များအရ တက်ရောက်ရမည့် တက္ကသိုလ်၊ ကောလိပ်များနှင့် အောင်/ရှုံး သတ်မှတ်မှုအခြေအနေ စသည့် ခေါင်းစဉ်များအလိုက် အကျယ်တဝင့် ဆွေးနွေးကြရာ ပညာရေးဝန်ကြီးဌာနမှ တာဝန် ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**လက်ဆောင်ပေးအပ်**

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြား ရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး တက်ရောက် ဆွေးနွေးပေးခဲ့သည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများအား ကျေးဇူးတင်ရှိ ပါကြောင်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ် ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟို နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟို၏ (၂၀၂၂–၂၀၂၃ AGM) နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်းဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာ စကားပြောကြားပြီး Asean Real Estate Network Alliance (ARENA)(SG) မှ Mr.SOMA JUNDRAM က နှုတ်ခွန်းဆက်အမှာစကားပြောကြား သည်။ ထို့နောက် နာယကဆရာဦးလှမြင့်က AGM ကျင်းပခြင်းအတွက် ဝမ်းမြောက်ပီတိစကား ပြောကြားပြီး နာယက ဒေါက်တာဆန်းထွန်းက MRESA အသင်း၏ ၂၀၁၈ ခုနှစ် အသင်း၏ဖွဲ့စည်းပုံ၊ စည်းမျဉ်းအချို့ကို ပြင်ဆင်ဖြည့်စွက်သော အချက် များကို ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူ သည်။

ယင်းနောက် ဗဟိုတွဲဖက် အထွေထွေအတွင်း ရေးမှူး (၁) ဒေါ်မိုးမိုးထွန်းက ဘဏ္ဍာရေးရှင်းတမ်း အစီရင်ခံစာဖတ်ကြားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် များကို အသင်းကြီး၏ စွမ်းဆောင်ရည်ဆုများ ပေးအပ်ကြသည်။

“အာဆီယံအိမ်ခြံမြေ ကွန်ရက်အသင်းကြီးထဲကို ၂၀၁၆ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင် ရှစ်နိုင်ငံ ပူးပေါင်းပါဝင် ခဲ့ပါတယ်။ လာအိုနဲ့ ဘရူနိုင်းကတော့ မပါဝင်သေး ပါဘူး။ ဘရူနိုင်းမှာတော့ ဒီလိုအသင်းမရှိဘူး၊ လာအိုကလည်းအသင်းမဖွဲ့ရသေးတော့ မပါသေး ပါဘူး။

“အသင်းကြီးအနေနဲ့ အာဆီယံနိုင်ငံတွေနဲ့ လည်း MoU လက်မှတ်ထိုးတယ်။ အာဆီယံနိုင်ငံ နဲ့အညီ အာဆီယံအိမ်ခြံမြေ ဝန်ဆောင်မှုကို ကျွန်တော်တို့က ပြည်သူတွေကို ပေးမှာရယ်၊ နိုင်ငံ ရဲ့ ဂုဏ်သိက္ခာတက်ဖို့ရယ် ကျွန်တော်တို့က ဆောင်ရွက် နေပါတယ်” ဟု မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောသည်။

**အာကာလင်း**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၆၃ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများ မှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၉ | ၁၉၅၀ |
| 95 Ron | ၁၉၉၃ | ၂၀၆၆ |
| HSD (500 ppm) | ၁၉၃၇ | ၂၀၀၅ |
| HSD (50 ppm) | ၂၀၁၁ | ၂၀၈၀ |
| HSD (10 ppm) | ၂၀၁၁ | ၂၀၈၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၀၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၁၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အနောက်ပိုင်းရပ်ကွက်ရှိ ယပ်လှဲဘုန်းတော်ကြီးကျောင်း၌ ယပ်လှဲကျောင်းတိုက်ပဓာနနာယကဘဒ္ဒန္တစက္ကိန္ဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယက(ငြိမ်း) ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ရှိ သံဃာတော်များနှင့် တရားနာပရိသတ်များကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှု၍ ဆေးကုသမှုခံယူနေသူများကို တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းသည်။

အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ဗိုလ်ချုပ် သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အလယ်ဈေးရပ်ကွက် သက္ကျမာန်အောင် ဘုရားအနီး၌ ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များအား စိုက်ပျိုးခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုသည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ မိုခါမုန်တိုင်းဒဏ်ကြောင့် နေအိမ်များပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေများအား ပေးအပ်ပြီး **(အပေါ်ပုံ)** သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မာန်အောင်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဈေးတန်းကျောင်း၌ အသက်ငါးနှစ်နှင့်အထက် KG ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖျာပုံမြစ်ဝတွင် သောင်တင်နေသော ကုန်တင်ရေယာဉ်တစ်စင်းအား တပ်မတော် (ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်က ကူညီဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၁၀**

တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်နေသော အမြန်သွားကင်းလှည့်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၉ ရက် ည ၁၁ နာရီခန့်၌ ဖျာပုံမြစ်ဝတွင် ကုန်တင်ရေယာဉ် တစ်စင်း သောင်တင်နေကြောင်း သတင်းရရှိသဖြင့် သွားရောက်ခဲ့ရာ ဖျာပုံမြို့မှမြိတ်မြို့သို့ ထွက်ခွာလာသော MV LASHIO ကုန်တင်ရေယာဉ်သည် တက်မထိန်းစနစ် ချို့ယွင်းပြီး သောင်တင်လျက်ရှိနေသည်ကို တွေ့ရှိသဖြင့် ကုန်တင်ရေယာဉ်ပေါ်ရှိ ရေလုပ်သားများအား ကျန်းမာရေးနှင့် အခြားလိုအပ်သည့် အကူအညီပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**



ထိုသို့ကူညီဆောင်ရွက်ပေးရာတွင် ဖျာပုံမြစ်ဝ ဒီရေအမြင့်ဆုံးအချိန်ဖြစ်သည့် ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီတွင် MV ချမ်းလတ်လတ် ကုန်တင်ရေယာဉ်ဖြင့် သောင်တင်နေသည့် MV LASHIO ကုန်တင်ရေယာဉ်အား သောင်မှ လွတ်မြောက်အောင် ကူညီတွဲဆွဲစေခဲ့သည်။ ယင်းနောက် အဆိုပါ ရေယာဉ်သည် တက်မထိန်းစနစ် ချို့ယွင်းလျက်ရှိသဖြင့် MV ချမ်းလတ်လတ် ကုန်တင်ရေယာဉ်က Side Tow ဆွဲ၍ **(ဝဲပုံ)** ဖျာပုံမြို့တွင် ပြန်လည်ပြုပြင်နိုင်ရေး အဆင်ပြေအောင်မြင်အောင် စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်၊ အောင်စောင်လမ်း၊ အိမ်အမှတ် (၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ခူမီးအမျိုးသားပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၇-၇-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခူမီးအမျိုးသားပါတီ၏ အလံပုံစံ**



**ခူမီးအမျိုးသားပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော MG, MG4 (Mulan) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၄၇ စီး၊ MG Marvel R အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် သုံးစီးနှင့် MG, MG5အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ငါးစီး စုစုပေါင်း လျှပ်စစ်သုံး မော်တော်ယာဉ် ၅၅ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



လျှပ်စစ်သုံးမော်တော်ယာဉ်များအား တာဝန်ရှိသူများစစ်ဆေးစဉ်။

**သစ်ပင်စိုက်မှ**
**အရိပ်ရ၏။**
**ရိပ်ခိုနားနေ**
**အပန်းဖြေ၏။**

## မအူပင်မြို့နယ် ရတနာတိုး စိုက်/ထွေ သမဝါယမအသင်းက မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများပေးအပ်

မအူပင် ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကုန်းတန်းကြီးကျေးရွာ ရတနာတိုး စိုက်/ထွေ သမဝါယမအသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းကို အဆိုပါကျေးရွာ၌ ပြုလုပ်ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းသားများ တက်ရောက်သည်။

အစည်းအဝေးတွင် အသင်းသားများအား စုဆောင်းငွေပေါ်အတိုးငွေ၈၃၂၈၁၂ ကျပ်၊ အသင်းပိုင်ငွေမှ အသင်းသား ၄၉ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၂၀၅၀၀၀၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် နမ့်ပငအသေးစားရေအား လျှပ်စစ်စီမံကိန်းတည်ဆောက်နေမှုကြည့်ရှု

**မုံရွာ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇူလိုင် ၉ ရက်တွင် ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး နမ့်ပငချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်-၂ တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာက နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နမ့်ပငအသေးစားရေအား လျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ဟုမ္မလင်းမြို့နှင့်အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် MSMEs လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်၍ သတ်မှတ်ကာလတွင်ပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း၊ သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီစွာ တည်ဆောက်ကာ လုပ်ငန်းများဆောင်ရွက်မှုအပေါ် စေတနာထားဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အသေးစိတ်မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



အဆိုပါ နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ၊ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိပြီး Concrete Gravity Dam တမံ အမျိုးအစားဖြစ်ပြီး၊ တမံအလျား ၄၇၃ ပေ၊ တမံအမြင့် ၁၁၄ ဒသမ ၈ ပေ၊ ရေအားအမြင့် ၈၀ ဒသမ ၃၈ ပေ၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁ ဒသမ ၁၀ သိန်းကေပေ၊ သံကူကွန်ကရစ်- ရေပိုလွှဲဖြစ်ကာ တပ်ဆင်စက်အင်အား - ၆ မဂ္ဂါဝပ် (၂ x ၃ မဂ္ဂါဝပ်)ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား -၃၄ ဒသမ ၆၈ သန်း ကီလိုဝပ်နာရီ ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ယခုအချိန်တွင် လုပ်ငန်းအားလုံး၏ ၄၁ ဒသမ ၇၁ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ပငရေအားလျှပ်စစ်စီမံကိန်း ရေ၊ မြေ၊ ကွန်ကရစ်စမ်းသပ်ရေးနှင့် အရည်အသွေးထိန်းသိမ်းရေးရုံးတွင် တည်ဆောက်ရေးပစ္စည်းများ၏ အရည်အသွေးစမ်းသပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ ဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲပြုလုပ်

**ပန်းတောင်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တောင်ဘွေ အ.မ.က(လွန်) ကျောင်း၌ လူငယ်နှင့်ခေါင်းဆောင်ဟောပြောခြင်းနှင့်အားကစားသရုပ်



ပြခြင်းကို ဇူလိုင် ၁၀ ရက်က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အားကစားမှူး ဒေါ်စောမာလာက ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးကောင်းမွန် ကြံ့ခိုင်ဖွံ့ဖြိုးသော နိုင်ငံ့သားသမီးကောင်းများဖြစ်ပေါ်လာစေရန် ကျောင်းစာပေများအပြင် ကိုယ်လက်လှုပ်ရှားအားကစားနှင့် ပတ်သက်သော အသိပညာပေး ဟောပြောခြင်းများဆောင်ရွက်ပြီး လက်တွေ့အားကစားနည်းများကို လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကို အတန်းလိုက်အားကစား သရုပ်ပြခြင်းလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၀ လိုက်လံလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကာလိမြို့၌ စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲပြုလုပ်

**ကာလိ ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၁၀ ရက်က အခြေခံပညာအထက်တန်းကျောင်းနှင့် ပူးပေါင်း၍ စာရေးဆရာ မောင်ကျေးဇူး ရေးသားထားသော လူငယ်တွေလမ်းမမှားနှင့် မူးယစ်ဆေးဝါးအန္တရာယ် စာအုပ်ဖြင့် စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲကို ဆောင်ရွက်ခဲ့သည်။

ဦးစွာ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ထင်ထင်ကျော်က မျိုးဆက်သစ်လူငယ်လူရွယ်များ အတွေးအခေါ်အယူအဆ မှန်ကန်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားစေရန်၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့် ကောင်းများရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အပြန်အလှန်ဆွေးနွေးခဲ့ကာ လူငယ်များ၏ ဆွေးနွေးချက်များကို မြို့ဦးစီးမှူးက ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံစီးပွားမြှင့်တင်ရေးကဏ္ဍ၌ လုပ်ငန်းရှင်များချေးငွေထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**အမရပူရ ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေးကဏ္ဍအတွက် မွေးမြူရေးလုပ်ငန်းရှင်များအား ချေးငွေများကို သတ်မှတ်ချက်နှင့်အညီ ထုတ်ချေးမည်ဖြစ်ရာ လုပ်ငန်းရှင်ကိုးဦးက ချေးငွေများလျှောက်ထားလာမှုအပေါ် ဇူလိုင် ၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ထမ်းများက ချေးငွေ လျှောက်ထားသောလုပ်ငန်းရှင်များ၏ မြေပြင်အမှန်ဆောင်ရွက်ထားမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

နိုင်ငံစီးပွားမြှင့်တင်ရေးကဏ္ဍမှ ကြက်ကောင်ရေ ၃၀၀၀ (တစ်ယူနစ်) ကို ငွေကျပ် သိန်း ၁၅၀ နှုန်း၊ ဝက်ကောင်ရေ ၁၀၀ (တစ်ယူနစ်) ငွေကျပ်သိန်း ၃၅၀ ချေးပေးမည်ဖြစ်ရာ အမရပူရမြို့နယ်အတွင်း ကြက်မွေးမြူသူ ခုနစ်ဦးမှ ၁၂ ယူနစ် စုစုပေါင်းချေးငွေကျပ်



သိန်း ၁၈၀၀ နှင့် ဝက်မွေးမြူသူ နှစ်ဦးမှ နှစ်ယူနစ် စုစုပေါင်းချေးငွေကျပ်သိန်း ၇၀၀ စုစုပေါင်း ချေးငွေကျပ်သိန်း ၂၅၀၀ ကို သတ်မှတ်ချက်များနှင့်အညီထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးထံမှ သိရသည်။

**စိုးသီဟ(အမရ)**

# ကျွန်းစုမြို့၌ မော်တော်ဆိုင်ကယ်များ ဘီးခွန်ဆောင်ထားခြင်း ရှိ၊ မရှိ စိစစ်

**ကျွန်းစု ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇူလိုင် ၁၀ ရက်က မော်တော်ဆိုင်ကယ်များအား ဘီးခွန်ဆောင်ထားခြင်း ရှိ၊ မရှိ စိစစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး ကြီးကြပ်မှုဖြင့် ဝန်ထမ်းများနှင့်တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များအား ဘီးခွန်ဆောင်ထားခြင်း ရှိ၊ မရှိ စိစစ်၍ တစ်စီးလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ပြုလုပ်ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် မော်တော်ယာဉ် ၈၉ စီးကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ဆင်ပေါင်ဝဲမြို့နယ်၌ တစ်ပင်တိုင် မင်းသမီးရိုးရာခြင်းလုံးသရုပ်ပြခတ်

**ဆင်ပေါင် ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ရိုးရာခြင်းဆပ်ကော်မတီ (ဝါသနာမောင်ကလပ်)တို့ ပူးပေါင်းကျင်းပသော တစ်ပင်တိုင်မင်းသမီး ရိုးရာခြင်းလုံး သရုပ်ပြပွဲကို ဇူလိုင် ၁၀ ရက်က မြို့နယ်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ရိုးရာခြင်းလုံး သရုပ်ပြခတ်ပွဲတွင် မန္တလေးမြို့မှ တစ်ပင်တိုင်မင်းသမီးလေး မလင်းလက်အောင်က တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရိုးရာခြင်းဆပ်ကော်မတီ (ဝါသနာမောင်ကလပ်)အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ရိုးရာခြင်းလုံး သရုပ်ပြခတ်ကစားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# စားလိုလျှင် အပင်ပျိုးကြမှ

**အန်ကယ်ပညာ**

**ဆရာကြီး လယ်တွင်းသားစောချစ်က မိမိတို့၏ ရင်သွေးငယ်များကို နုနုနယ်နယ်ကလေးငယ်ဘဝမှ လူလားမြောက်ချိန်အထိ ကျန်းမာပျော်ရွှင်သည့် သားကောင်း သမီးကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်တတ်စေရေးအတွက် မိဘနှင့်ဆရာများကို လမ်းပြပေးသည့် " ပန်းလိုချင် အပင်ကိုပျိုးတတ်မှ" စာအုပ်ကို ရေးသားခဲ့ပါသည်။ ထိုစာအုပ်သည် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သည့် အမျိုးသားစာပေဆု ရရှိခဲ့ပါသည်။**

ခေါင်းစဉ်ချင်း ခပ်ဆင်ဆင်ယူထားသည့် ဤဆောင်းပါးသည်ကား အလျဉ်းမသင့်လျှင် အချို့သောနေရာများတွင် စာရေးသူကိုပင် ငြိငြင်နိုင်စရာဖြစ်နိုင်ပါ၏။ ဤသို့ဖြစ်လျှင်လည်း စေတနာကောင်းနှင့် အလျဉ်းမသင့်မှုဟုသာ မှတ်ယူကြပါကုန်။

ရှေးမြန်မာမင်းများ လက်ထက်ကတည်းက စစ်ထွက်သွားလျှင် မပါမဖြစ် ယူဆောင်သွားကြသည်မှာ မျိုးရေရိက္ခာတို့ပင်ဖြစ်၏။ စစ်သည်ဗိုလ်ပါအပေါင်း၏ ခွန်အားကို ဖြစ်စေရန်နှင့် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နေ့စဉ်လိုအပ်ချက်ကို စီမံသွားကြခြင်း ဖြစ်၏။ ဤတွင် "မျိုး"ဟူသည့်ဝေါဟာရကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် လူတို့စားသုံးအပ်သည့်ရိက္ခာအဖြစ် ပြောင်းလဲယူနိုင်သည့် အရာနှစ်မျိုးကိုတွေ့ရ၏။ တစ်မျိုးမှာ စားသုံးရန်အတွက် အသီး၊ အပွင့်၊ အရွက်နှင့်ဥတို့ကိုရရှိစေသည့် အပင် "မျိုး"ဖြစ်၏။ နောက်တစ်မျိုးမှာ အသားနှင့် ဥတို့ကို ရစေသည့် ကြက်၊ ဝက်ကဲ့သို့သော အကောင်"မျိုး" ဟူ၍ဖြစ်၏။



### မျိုးစေ့များ သယ်ဆောင်သွား

စာရေးသူတို့ ငယ်စဉ်ကလည်း စစ်ဆင်ရေး တာဝန်ကျရာနေရာများသို့ ဘူး၊ ဖရုံ ၊ ငရုတ်၊ ချဉ်ပေါင်၊ မုန်ညင်း၊ တိုင်ထောင်ပဲ စသည့် မျိုးစေ့များ သယ်ဆောင်သွားကြ၏။ မိမိတို့ တာဝန်ကျရာနေရာများတွင် စိုက်ပျိုးခြင်းဖြင့် စစ်ဆင်ရေးကာလ တစ်လျှောက်လုံး အသီးအရွက်အတွက် ပူပင်စရာ မရှိပေ။ ထိုမျှမကသေး သက်တမ်းမကုန်သေးသည့် အပင်များက နောက်ထပ်ရောက်လာသည့် တပ်များအတွက်ပင် ကျေးဇူးပြုကြသေး၏။ အသားနှင့် ဥအတွက်ကား သယ်ဆောင်လာစရာ မလိုပေ။ စစ်ဆင်ရေးတာဝန်လွှဲပြောင်းချိန်တွင် ယခင်လူတို့မွေးမြူထားသည့် ကြက်များကို တန်ရာတန်ကြေးဖြင့် လက်ခံထားလိုက်ရုံသာဖြစ်၏။ မိမိတို့ကာလတွင် အတိုးအပွားတို့ကို စားကြ၏။ အလွှဲအပြောင်းအချိန်များတွင် မျိုးများကို ဤနည်းဖြင့် ထားခဲ့ကြလေ့ရှိ၏။ ထိုအစဉ်အလာမှာ ယခင်မှ ယခု၊ ယခုမှ နောင်ကာလများတိုင် တည်မြဲနေဦးမည်ဟု ယုံကြည်ပါ၏။

စစ်ဆင်ရေးသို့ ယူဆောင်သွားသည့် မျိုးစေ့ထဲတွင် ထူးထူးကဲကဲ အမှတ်တရရှိလှသည့် မျိုးစေ့တစ်မျိုးမှာ ဆေးရွက်ကြီးမျိုးဖြစ်၏။ လူအတွက် အန္တရာယ်ရှိသည့် ဆေးရွက်ကြီးမျိုးကိုမှ ပမာဆောင်ရသလောဟု မေးရန်ရှိပေလိမ့်မည်။ လူသူမနီးသည့် တောကြီး မျက်မည်းတွင် ကာလရှည်ကြာတာဝန်ထမ်းဆောင်ရင်း ဆေးရွက်ကြီးပြတ်သည့် ဒုက္ခကို ကြုံဖူးသူများသာ သိကြပေမည်။ ထို့အတွက် ထိုတစ်ခေါက်က ဗာဂျီးနီးယားဆေးရွက်ကြီး မျိုးစေ့ ပရုတ်ဆီဘူးဝက်ခန့်ကို မြေဆွ၍ ကြဲထားလိုက်၏။ အပင် အရွယ်သုံးလက်မခန့်ရှိချိန်တွင် အဖွဲ့အားလုံးသို့ ခွဲဝေပေးပြီး စိုက်စေရာ အပင်အားလုံးဖြစ်ထွန်းသည်ကို တွေ့ရ၏။ ရင့်၍ ဝါလာသည့် အရွက်များကို ဓားဖြင့်လှီး၍ အခြောက်လှန်းကြ၏။ ထိုအရွက်ခြောက်တို့သည် ပွတ်ချွန်းအဖြစ်ဖြင့် လူတို့ကို အသုံးတော်ခံကြလေ၏။

### အပင်ကို ရှင်သန်ဖြစ်ထွန်းအောင်စိုက်

အဖွဲ့လိုက်စိုက်သည့် ဆေးရွက်ကြီးပင်အားလုံး ဖြစ်ထွန်းသည်ဟု ဆိုခဲ့၏။ ထိုသူတို့သည် ဆေးရွက်ကြီးပြတ်လျှင် နေမထိထိုင်မသာ ရှိလှသည်ကိုသိ၏။ ထိုဒုက္ခမှ လွတ်ကင်းရန် ထိုအပင်ကို ရှင်သန်ဖြစ်ထွန်းအောင်စိုက်မှဖြစ်မည်ကိုသိ၏။ သို့အတွက် ပုံမှန်မြေဆွ၏။ ဆန်ဆေးရေတို့ကို နေ့စဉ်လောင်း၏။ ကြက်မယက်နိုင်အောင် အကာအရန်တို့ကိုပြု၏။ အိပ်တန်းအောက်မှ ရသမျှသော ကြက်ချေးတို့ကို အပင်ခြေတွင် ပုံပေး၏။ အပင်တို့ကို မိုးလင်းမှ မိုးချုပ် အရိပ်တကြည့်ကြည့်နှင့် ပြုစုယုယကာ စောင့်ရှောက်ရင်း ကျေနပ်နေကြ၏။ အဘယ်မှာလျှင် မဖြစ်ထွန်းဘဲ နေပါအံ့နည်း။

လွန်ခဲ့သည့် သုံးလက ရာသီအမီစိုက်ပျိုးနိုင်ရန် အိမ်တွင် ပျိုးအိတ်နှင့် ပျိုးထားသည့် သရက်၊ ပိန္နဲ၊ ခွေးတောက်နှင့် ငရုတ်ပင်တို့အနက် အချို့ကို ဘုန်းကြီးကျောင်းများသို့ လှူ၏။ ကျန်အချို့ကို တစ်ဦးချင်းနှင့် အဖွဲ့လိုက်စိုက်ကြရန် အချိုးကျခွဲဝေပေးလိုက်၏။ သရက်၊ ပိန္နဲနှင့် ခွေးတောက်တို့မှာ စာရေးသူ လက်ရှိနေသည့်အိမ်တွင် ယခင်နေထိုင်သူများ စိုက်ပျိုးထားခဲ့သည့် အပင်တို့မှရရှိသော မျိုးစေ့ကိုပျိုးခြင်းမှ ရရှိခြင်းဖြစ်၏။ ယခင်လူတို့ မျိုးကောင်းရွေး၍စိုက်ခဲ့သဖြင့် အသီးအရွက်ကောင်းတို့ကို စားရ၏။ ခူးရင်း၊ စားရင်း၊ ပေးရင်း၊ ဝေရင်း သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါ၏။ ငရုတ်ပင်များမှာ ထီးလင်းနယ်ဘက်မှ ပြောင်းရွှေ့ရောက်ရှိလာသူက လက်ဆောင်ပေးသဖြင့် မျိုးပွားထားသည့် ယောငရုတ်များဖြစ်၏။ အတောင့်ကြီးပြီး အလွန်စပ်သည့် မျိုးဖြစ်၏။

ထိုပျိုးပင်များကို စိုက်ပျိုးကြရင်း ထာဝရ ကုသိုလ်ယူကြသူများ၏ ငရုတ်သီးစိမ်းလာပို့၍ ငရုတ်သီးစားနေရပြီဖြစ်ကြောင်း လက်တွေ့ပြသည်ကိုလည်း တွေ့ရ၏။ ခွေးတောက်ညွန့် ဟင်းချိုချက်နေရပြီဖြစ်ကြောင်း၊ သရက်၊ ပိန္နဲတို့ ရွက်နုထွက်နေကြကြောင်း စသည့် သတင်းစကားအဖြစ်လည်းကြားရ၏။ အချို့ကမူ မြေနှင့် ရေကို အကြောင်းပြ၍ မဖြစ်မြောက်ကြောင်းပြောကြ၏။ အချို့မှာကား ပိုးကိုက်၍ သေကြလေပြီဆိုသတည်း။

### စေတနာနှင့် အပင်ရှင်သန်ဖြစ်ထွန်းမှု တိုက်ရိုက်အချိုးကျ

ဤနေရာတွင် အထက်တွင် ဖော်ပြခဲ့သည့် ရှေ့တန်းတစ်နေရာက ဖြစ်ထွန်းသည့် ဆေးရွက်ကြီးပင်ကို မင်းသားကြီးအရာထား၍ ပြောရပေဦးမည်။ ရေမလွယ်၊ မြေမကောင်းသည့်နေရာပင် ဖြစ်လင့်ကစား ရှင်သန်ဖြစ်ထွန်းအောင် စိုက်မည်ဟူသည့် စေတနာကို အရင်းခံအဖြစ် တွေ့ရပေသည်။ ထိုစေတနာပေါ်မူတည်၍ ပြုစုစောင့်ရှောက်ခြင်းသည် နောက်ကလိုက်လာ၏။ တစ်ဖန် ထိုပြုစုစောင့်ရှောက်ခြင်းသည်ပင် အပင်တို့ ရှင်သန်ဖြစ်ထွန်းရေးအတွက် အဓိကလိုအပ်ချက် ဖြစ်နေပြန်၏။ သို့ဖြစ်၍ အပင်တို့အပေါ် ထားရှိသည့် စေတနာနှင့် အပင်ရှင်သန် ဖြစ်ထွန်းမှုသည် တိုက်ရိုက်အချိုးကျသည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဆိုခဲ့သည့်အတိုင်း အမျိုးတူ၊ အရွယ်တူ ပျိုးပင်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စိုက်ခဲ့ကြသော်လည်း စေတနာထက်သန်မှုနှင့် ချို့တဲ့မှုအပေါ် မူတည်၍ စားရပြီနှင့် သေကြလေပြီဟူ၍ ရလဒ်ကွဲပြားကြလေတော့သည်။

သို့ရာတွင် စေတနာထက်သန်စွာ စိုက်ပျိုးပြုစုစောင့်ရှောက်ခဲ့ကြသော်လည်း စားရချိန်တွင် သေကြလေပြီဆိုသည့်ဖြစ်ရပ်လည်း ရှိသေး၏။ ထိုဖြစ်ရပ်သည် မကြာသေးမီ လပိုင်းအတွင်းက နေပြည်တော်တွင်ဖြစ်ခဲ့၏။ သေကြလေပြီဆိုသည့်အကြောင်းကို မပြောမီ စားရချိန်အကြောင်းကို ဦးစွာပြောလို၏။ စားရချိန်ရောက်ဖို့ကား ၁၀ နှစ်နီးပါးကြာ၏။ နေပြည်တော်သို့ တာဝန်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်မရှိသူ အပျိုများအား ဝန်ထမ်းအပျိုဆောင်များတွင် နေရာချထားပေး၏။ ထိုအပျိုဆောင်များတွင် နေထိုင်ကြသူများအနက် စိုက်ပျိုးရေးကို ဝါသနာပါသူများသည် အဆောင်ဘေး မြေကွက်လပ်များတွင် နှစ်ရှည်စားပင်၊ ပန်းအလှပင်များကို သူ့အပင်၊ ကိုယ့်အပင်ဟူ၍ ကိုယ်ပိုင်အချိန်များတွင် စိုက်ပျိုးထားကြ၏။

ထိုသို့စိုက်ပျိုးခြင်းသည် မြေကွက်လပ်အပေါ်မူတည်၍ စိုက်ပျိုးကြခြင်းဖြစ်၍ အကွက်မကျသော်လည်း အဆောင်အတွက် အရိပ်ကိုပေး၏။ လေပြင်းဒဏ်ကာကွယ်၏။ စိုက်ပျိုးသူနှင့် အဆောင်နေသူများအတွက် အသီးအရွက်တို့ရ၏။ စိမ်းလန်းစိုပြည်မှုဖြင့် မျက်စိပသာဒ ဖြစ်စေ၏။ ထိုသို့အချိန်ယူစိုက်ပျိုးခဲ့ကြသည့် သီးပင်စားပင်တို့သည် တစ်ရက်၊ နှစ်ရက်မျှသော အချိန်တိုလေးအတွင်း ငုတ်တိုဘဝရောက်ရရှာလေ၏။ သေကြလေပြီဆိုသည်နှင့် ဘာများခြားနားပါအံ့နည်း။ အကြောင်းမှာ စစ်ဆေးရေးဝင်ရန်ရှိသောကြောင့်ဟူ၏။ သို့ရာတွင် ထိုအဆောင်တို့ ဝန်းကျင်ရှိ ပေါင်းမြက်ချုံပုတ်တို့မှာ နဂိုအနေအတိုင်းသာတည်း။

အချုပ်အားဖြင့်ဆိုရလျှင် ယခုအချိန်အခါသည် ဌာနအလိုက်၊ မြို့ရွာအလိုက်၊ အစုအဖွဲ့အလိုက် သစ်ပင်စိုက်ပျိုးခြင်းကို ပွဲတော်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြ၏။ ထိုနည်းတူစွာ မိသားစုအလိုက်၊ လူတစ်ဦးချင်းအလိုက်လည်း နှစ်ရှည်စားပင်များကို တစ်နိုင်စိုက်ပျိုးပွဲလေးများ အသွင်ဖြင့် စိုက်ပျိုးသင့်သည်ထင်၏။ ယခုသင်စားနေသည့် အသီး၊ အပွင့်၊ အရွက်တို့သည် သင်စိုက်ပျိုးခဲ့ခြင်းမဟုတ်လျှင် သူတစ်ပါး၏ ဒါနသာဖြစ်၏။ ကိုယ်တိုင်ဒါနရှင်ဖြစ်ရန်နှင့် ကိုယ်တိုင်စားနိုင်ရန်အတွက် ကိုယ်တိုင်စိုက်ပျိုးရမည်သာဖြစ်၏။ ဤသို့ စိုက်ပျိုးခြင်းသည်ပင် အနာဂတ်မျိုးဆက်သစ်များနှင့် ဤကမ္ဘာကြီးအတွက် လက်ဆောင်ပေးခြင်း၊ အမွေပေးခြင်းဖြစ်ပေ၏။ ။

❖ **စစ်ဆင်ရေးသို့ ယူဆောင်သွားသည့် မျိုးစေ့ထဲတွင် ထူးထူးကဲကဲ အမှတ်တရရှိလှသည့် မျိုးစေ့တစ်မျိုးမှာ ဆေးရွက်ကြီးမျိုးဖြစ်၏။ လူအတွက် အန္တရာယ်ရှိသည့် ဆေးရွက်ကြီးမျိုးကိုမှ ပမာဆောင်ရသလောဟု မေးရန်ရှိပေလိမ့်မည်။ လူသူမနီးသည့် တောကြီးမျက်မည်းတွင် ကာလရှည်ကြာတာဝန်ထမ်းဆောင်ရင်း ဆေးရွက်ကြီးပြတ်သည့် ဒုက္ခကို ကြုံဖူးသူများသာ သိကြပေမည်။ ထို့အတွက် ထိုတစ်ခေါက်က ဗာဂျီးနီးယားဆေးရွက်ကြီး မျိုးစေ့ ပရုတ်ဆီဘူးဝက်ခန့်ကို မြေဆွ၍ ကြဲထားလိုက်၏။ အပင်အရွယ်သုံးလက်မခန့်ရှိချိန်တွင် အဖွဲ့အားလုံးသို့ ခွဲဝေပေးပြီး စိုက်စေရာ အပင်အားလုံးဖြစ်ထွန်းသည်ကို တွေ့ရ၏။ ရင့်၍ဝါလာသည့် အရွက်များကို ဓားဖြင့်လှီး၍ အခြောက်လှန်းကြ၏။ ထိုအရွက်ခြောက်တို့သည် ပွတ်ချွန်းအဖြစ်ဖြင့် လူတို့ကို အသုံးတော်ခံကြလေ၏**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၇-၂၀၂၃ အင်္ဂါနေ့

**MRTV**

[illegible]

**mitv**

07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
07:10 Tobacco Pipe Making Business (Ywar Lut Village)
07:17 Gold from Garbage
07:28 Secret Recipes by Gourmet Chefs (India)
08:01 News
08:26 Ecotourism: Tamu And Hand Washing Lake
08:41 Great Shwedagon - Nine Wonders Around The Platform Of Shwedagon Pagoda
08:54 World Population day (11th July)
09:01 Healthy Diet: Balanced Diet
09:07 Mushroom Farming
09:32 Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
09:40 Fishery Products: Pickled Prawn Business
09:54 Golden Mandalay Hill
10:01 News
10:27 Tray Art Products

**MRTV NRC**

[illegible]

**MRTV**

... Sports Diary ...
... MRTV National News ...
... "July 11 ..." ...
... ECONOMIC REVIEW (Part-40) ...
... Save Our Planet Program ...
... (LIVE) ...

**MRTV SPORTS**

... Sports News
... Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review

Education Channel

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၄ ဦး တွေ့ရှိ

(၁၀ - ၇ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၁၇,၇၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၀၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၅၈၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်သူ့ကြားကပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဒင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရန်ကုန် - မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အရာတော်မြို့နယ်၊ ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ဝိစိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သံဃာတော်သုံးပါး ထိခိုက်ဒဏ်ရာရရှိပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး သေဆုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၈၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၁၀ ကျပ် | ၂၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၉၀ ကျပ် | ၂၁၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၅ ကျပ် | ၂၀၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၀၅ ကျပ် | ၂၁၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိန်ခ်သိမ့်မိုး
ဘာသာပြန်စာတည်း - မြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၀၀၀ | ၅၃၉ | ၄၈၅၂၆၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၆၈၉၁ | ၁၉၆၃၉၃၅၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၄၁၇၆၂ | ၃၀၀၆၇၆၉၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၈၆၁၂ | ၃၃၄၆၉၀၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၇၀ | ၁၂၉၁၈၀၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၂၁၇ | ၁၆၄၅၀၀ |
| AHPC | ၅၀၀၀ | ၅၀၀၀ | ၂ | ၅၁၂၆၅၀ |
| MAEPC | ၁၈၀၀ | ၁၈၅၀ | ၃၀၈၀၄ | ၅၆၀၀၂၉၀၀ |

ညီညီ - စုစည်းသည်

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ ဆီအုန်းတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ ပို့ကုန် ၂၁၄၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈၉ သန်းနှင့် သွင်းကုန် ၃၆၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၉၇ သန်းဖြစ်ရာ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၈၆ သန်းဖြစ်သည်။

### ပို့ကုန် ၁၀ မျိုး

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၀ ဖြင့် ၁၀၀ ဒသမ ၀၀ တန်၊ ငါးခွေးလျှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၂၀ ဖြင့် ၂၃ ဒသမ ၉၇၈ တန်၊ ငါးလိပ်ကျောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၇၀ ဖြင့် ၄ ဒသမ ၅၈ တန်၊ ကျောက်ငါး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၄၂၀ ဖြင့် ၃ ဒသမ ၀၁၀ တန်၊ ညိုချောတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၈၀ ဖြင့် ၃၉ ဒသမ ၂၈၀ တန်၊ စက်ဟောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၉၀ ဖြင့် ၁၉၇ ဒသမ ၁၃၀ တန်၊ ငါးဗျက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၈၀ ဖြင့် ၁၃၄ ဒသမ ၆၀ တန်၊ ငါးဖျောသီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၅၀ ဖြင့် ၂၆ ဒသမ ၀၈၀ တန်၊ ငါးချဉ်ပေါင်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၉၀ ဖြင့် ၁ ဒသမ ၆၈၀ တန်နှင့် ကဏန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၉၀ ဖြင့် ၈ ဒသမ ၀၀၉ တန် တို့ဖြစ်သည်။

### အများဆုံးသွင်းကုန်ပစ္စည်း

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၆၂ ဖြင့် ၅၀၀ တန်၊ ကျောက်ချဉ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၆ ဒသမ ၆၆ ဖြင့် ၃၀ တန်၊ ကော်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၂၂ ဒသမ ၂၂ ဖြင့် ၉ တန်၊ ငါးထည့်သည့် ခြင်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၆ ဒသမ ၆၆ ဖြင့် ၉ တန်၊ (ပီလောပီနံမှုန့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၆ ဒသမ ၆၆ ဖြင့် ၂၄၀ တန်၊ ပလတ်စတစ်ရေခဲပုံး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၉၀၃ ဒသမ ၂၂ ဖြင့် ၃၁ တန်တို့ ဖြစ်သည်။

၁၀-၇-၂၀၂၃ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၄၂ ဘတ် ၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၇ ဒသမ ၆၀ ခန့် ဖြင့်တည်ငြိမ်လျက် ရှိသည်။ စက်သုံးဆီ ဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၁၇၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ငွေကျပ် ၁၁၂၅၀ ခန့်ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။



## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ပြောင်း၊ ကြက်သွန်ဖြူနှင့် လက်ဖက်ခြောက်တင်ပို့

**နေပြည်တော် ဇူလိုင် ၁၀**

တာချီလိတ် ကုန်သွယ်ရေးစခန်းသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၇ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း တန်ချိန် ၂၀၅၄ တန်၊ ကြက်သွန်ဖြူ တန်ချိန် ၆၈ တန်၊ လက်ဖက်ခြောက် တန်ချိန် ၄၀ နှင့် ကတ်ထူ စက္ကူအဟောင်း တန်ချိန် ၁၇၄ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် စက်သုံးဆီနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိရာ ယခုအပတ်တွင် ဘိလပ်မြေ ၀ ဒသမ ၃၈၆ ဒေါ်လာသန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း ၀ ဒသမ ၄၆၃ ဒေါ်လာသန်း၊ ရေနံထွက်ပစ္စည်း ၀ ဒသမ ၃၈၁ ဒေါ်လာသန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ၀ ဒသမ ၁၄၃ ဒေါ်လာသန်း၊ တာယာနှင့် ကျွတ်များ ၀ ဒသမ ၀၀၄ ဒေါ်လာသန်း၊ သုတ်ဆေး/ပေါလစ်များ ၀ ဒသမ ၀၀၅ ဒေါ်လာသန်း အပါအဝင် သွင်းကုန်တန်ဖိုး ၁ ဒသမ ၄၉၄ ဒေါ်လာသန်း တင်သွင်းခဲ့သည်။ ဈေးနှုန်းအနေဖြင့် ဘိလပ်မြေတစ်တန်လျှင် ဒေါ်လာ ၈၀၊ ဒီဇယ်ဆီ တစ်တန်လျှင် ၇၈၀ ဒသမ ၂၂၅ ဒေါ်လာ၊ ဓာတ်ဆီ တစ်တန်လျှင် ၈၇၆ ဒသမ ၁၂၈ ဒေါ်လာတို့ ဖြစ်သည်။

တာချီလိတ် ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်ရှိ (၄) မိုင်ဂိတ်၊ တာကော်တံတားဂိတ်၊ ကျိုင်းတုံ (နောင်နွန်းဂိတ်)၊ မိုင်းဖြတ်ဂိတ်၊ ဝေ့ရဲဂိတ်တို့မှ ပို့ကုန်ယာဉ်များအား ကုန်ပစ္စည်းသယ်ဆောင်ခွင့် လက်မှတ် (QR) စစ်ဆေး၍ ဆောင်ရွက်နေသည့်အတွက် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့လျက်ရှိသည်။ ငွေလဲနှုန်းအနေဖြင့် မြန်မာကျပ်ငွေတစ်သိန်းလျှင် ၁၁၄၅ ဘတ် ဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၁၀၄ တန်၊ တန်ဖိုး ၁၀၄၀၀ ဒေါ်လာ၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် ၈၈ တန်၊ တန်ဖိုး ၁၀၁၂၀ ဒေါ်လာနှင့် ချင်းအစိုတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ၇၅ တန်၊ တန်ဖိုး ၃၃၇၅၀ ဒေါ်လာတို့ကို တင်ပို့နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်မှ ၉ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်ဒေါ်လာ ၀ ဒသမ ၀၃၉၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ငွေဈေးနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၀၈ ဒသမ ၆၂၈ တာကာနှင့် တစ်တာကာလျှင် ၂၆ ဒသမ ၆၀ ကျပ် ဖြစ်ကြောင်း သိရသည်။

### ၁၀-၇-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုချောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၁၀၀၀ | ၈၅၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၃၀၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၆၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၇၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၃၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၀၀၀ | ၄၈၀၀ | ၉၅၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၅၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၆၀၀ | ၈၅၀၀ | ၈၀၀ | ၉၈၀၀ | ၆၈၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၂၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၅၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၆၉၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၇၀၀ | | ၁၃၀၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၇၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်နှင့် မုံရွာတွင် ငွေကျပ် ၃၀၀၊ ပြည်တွင် ငွေကျပ် ၅၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ မော်လမြိုင်နှင့် မကွေးတွင် ငွေကျပ် ၁၀၀၀၊ ထားဝယ်တွင် ငွေကျပ် ၄၀၀၊ ပြည်တွင် ငွေကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ထားဝယ်နှင့် ပြည်တွင် ငွေကျပ် ၅၀၀၊ မကွေးတွင် ငွေကျပ် ၁၀၀၀၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ မကွေးတွင် ငွေကျပ် ၁၀၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၄၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ ဝက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပဲခူးတွင် ငွေကျပ် ၅၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၊ ပဲခူးတွင် ငွေကျပ် ၃၀၀၊ ကလေးတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၅၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၀၊ အာလူး တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ်၂၀၀၊ ကြက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၅၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ တတိယအကြိမ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၀**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့ များမှ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ တတိယအကြိမ် လှူဒါန်းရန်အတွက် တိုင်းစစ်ဌာနချုပ်၊ ရောဝတီခန်းမ၌ စုဖွဲ့ပြင်ဆင်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။



အဆိုပါ လှူဒါန်းပစ္စည်းများဖြစ်သည့် စားအုန်းဆီ ပိဿာ ၁၀၀၊ ကြက်ဥ အလုံး ၁၀၀၀၊ ငါးပိ/ငံပြာရည် ပိဿာ၄၀၀၊ ငါးနီတူခြောက် ပိဿာ ၂၅၀၊ ကြက်သွန်နီ ပိဿာ၂၀၀၊ အာလူး ပိဿာ ၂၀၀၊ ခေါက်ဆွဲခြောက်ဖာ ၂၀၀ တို့ကို တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ပို့ဆောင်ပြီး ၎င်းမှတစ်ဆင့် မြစ်ကြီးနားရေယာဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆက်လက်ပေးပို့လှူဒါန်းသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သတင်းရေးသားခြင်းနှင့် ဗီဒီယိုရိုက်ကူးခြင်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် သတင်းလုပ်ငန်း တာဝန်ယူဆောင်ရွက်နေသူများ၏ သတင်းရေးသားခြင်း၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကား ပြောကြားပြီး ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ သတင်းလုပ်ငန်း တာဝန်ယူဆောင်ရွက်နေကြသည့် သတင်းတာဝန်ခံများနှင့် သတင်းရေးသားရာတွင် လိုက်နာရမည့် အသုံးအနှုန်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသား၊ ရိုက်ကူးရန်ကိစ္စများ၊ ပြည်သူများ၏ သတင်းသိရှိပိုင်ခွင့်အတွက် သတင်း၊ ဗီဒီယိုရိုက်ကူး၊ ရေးသား ထုတ်လွှင့်ဆောင်ရွက်နိုင်မှုများ၊ သတင်းဗီဒီယိုများ ရိုက်ကူးရာတွင် Media Engagement Plan နှင့်အညီ ရိုက်ကူးရန်ကိစ္စများနှင့် ၂၀၂၃ ခုနှစ် ပထမခြောက်လတာကာလအတွင်း သတင်းလုပ်ငန်းဆောင်ရွက်ချက်များအပေါ် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရွှေပင်လယ်**



## အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) ၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) ကျောင်းစုဝေးခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) တို့ ပူးပေါင်း၍ ယမန်နေ့က လူငယ်စကားဝိုင်းကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ကျော့ကျော့ရီတို့က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့ပြအင်ဂျင်နီယာ(ပထမနှစ်) ကျောင်းသူ မသစ်သစ်ထူးစံက "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့ပြအင်ဂျင်နီယာ (ပထမနှစ်) ကျောင်းသား မောင်ရန်ကျော်လင်းက "လူငယ်နှင့် မူးယစ်ဆေး " ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (ပထမနှစ်) ကျောင်းသူ မဝင်းစန္ဒာထွန်းက " လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စက်မှုစွမ်းအားအင်ဂျင်နီယာ (ပထမနှစ်) ကျောင်းသား မောင်ရီထွန်းမျိုးက "လူငယ်နှင့် ကျန်းမာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့ပြအင်ဂျင်နီယာ (ပထမနှစ်) ကျောင်းသူ မဖြိုးဖြိုးသော်က "လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (ပထမနှစ်)ကျောင်းသား မောင်နိုင်ဆန်းထက်က "လူငယ်နှင့်စာပေ " ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အုဋ္ဌကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၄၀၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၀

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – ကနှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ကိုကိုလွင်သည် ၎င်းအသုံးပြုသည့် "Ko Ko Lwin" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ အိတ်ဖွင့်လေလံစနစ်လျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ အောက်ဖော်ပြပါ မြို့နယ်သမဝါယမအသင်းစုပိုင် ရင်းနှီးပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) မြောင်မြို့နယ်၊ မြောက်ရပ်ကွက်၊ မြို့မဈေးအနီး မြေရိယာ ၀ ဒသမ ၁၃ ဧကနှင့် တောင်ရပ်ကွက် ၊ မြေရိယာ ၂ ဧကနှင့် အဆိုပါမြေပေါ်ရှိ လ-၁၀၈'၊န-၃၀'၊ မ-၁၈' သွပ်မိုး နံကပ် အဆောက်အဦ

(ခ) ချောင်းဦးမြို့နယ်၊ မြို့သစ်ရပ်ကွက် မြေရိယာ ၂ ဧက၊ မန္တလေး-မုံရွာကားလမ်းဘေး ဦးစီးဌာနနောက်ဘက်ရှိ မြေရိယာ ၀ ဒသမ ၉၃ ဧက၊ မြို့သစ်ရပ်ကွက် မြေ ရေိယာ ၀ ဒသမ ၉၅ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၆၈'x၄၃' x၄၃' ရုံးအဆောက်အဦ၊ မြေရိယာ ၀ ဒသမ ၉၃ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၁၀၈'x၆၂'x၁၄' သီးနှံသိုလှောင်ရုံ၊ မြေရိယာ ၁ ဒသမ ၉၂ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၆၀'x ၅၅'x၁၂' ဆီစက် အဆောက်အဦ၊ မြေရိယာ ၁ ဒသမ ၈၀ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၁၈၃'x၆၁'x၂၀' ခန်းမအဆောက်အဦ၊ မြေရိယာ ၁ ဒသမ ၉၆ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၁၀'x၅'x၇' ရေလောင်းအိမ်သာ၊ မြေရိယာ ၀ ဒသမ ၉၆ ဧကနှင့် အဆိုပါမြေပေါ်ရှိ (၄)ခန်းတွဲ (၂)လုံး ဈေးဆိုင်ခန်း

(ဂ) အရာတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြေရိယာ ၀ ဒသမ ၆၄ ဧက၊ မြေရိယာ ၆ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၈၁'x၂၇'x၁၅' သွပ်မိုးအုတ်ကာအဆောက်အဦ၊ မြေရိယာ ၀ ဒသမ ၃၈၉ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၆'x၆' (၅)ခန်း သွပ်မိုး အုတ်ကာအဆောက်အဦ၊ မြေရိယာ ၀ ဒသမ ၁၁၅ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၁၀၀'x၅၀'x၂၄' သွပ်မိုး အုတ်ကာအဆောက်အဦ

(ဃ) ယင်းမာပင်မြို့နယ်၊ (ခ)ရပ်ကွက်၊ အ.ထ.က အနီး ၊ ပုလဲ-ဂန့်ဂေါ ကားလမ်းဘေး မြေရိယာ ၁ ဒသမ ၀၇ ဧက၊ (ခ) တိုးချဲ့ရပ်ကွက် မြေရိယာ ၁ ဒသမ ၃၀၆ ဧက နှင့် အဆိုပါမြေပေါ်ရှိ ၅၆'x၂၄'x၁၈' သွပ်မိုးပျဉ်ကာ(ဂိုဒေါင်) နှင့် ၅'x၂၈'x၁၇' သွပ်မိုးပျဉ်ကာ (ကြိတ်ခွဲစက်)

(င) ဆားလင်းကြီးမြို့နယ်၊ အမှတ်(၃)ရပ်ကွက် အရှေ့ဈေး တန်းကွင်းအမှတ်(၇၉၀) ကျောင်းကုန်းမြောက်ဦးပိုင် အမှတ် F-46 မြေကွက်အမှတ်(၁၀၀/၂၈၉) (၁၀၀/၂၉၀) မြေရိယာ ၂ ဒသမ ၅၀ ဧက

(စ) ပုလဲမြို့နယ်၊ မြို့ဦးရပ်ကွက် ကွင်းအမှတ်(၉၅၅-က) မြေရိယာ ၁ ဧက၊ မြေရိယာ ၄၀'x၅၃' နှင့် အဆိုပါမြေပေါ်ရှိ ၄၀'x၂၀'x၁၄' သွပ်မိုးပျဉ်ကာအဆောက်အဦ၊ မြေရိယာ ၈၅'x၁၁၄' နှင့် အဆိုပါမြေပေါ်ရှိ ၅၀'x၂၀'x၁၁' သွပ်မိုး၊ အုတ်နံကပ် အဆောက်အဦ၊ မြေရိယာ ၉၅'x၁၄၀' နှင့် အဆိုပါမြေပေါ်ရှိ ၁၂၀'x၅၀'x၁၃'သွပ်မိုး၊ အုတ်နံကပ် အဆောက်အဦ

(ဆ) ကနီမြို့နယ်၊ အမှတ်(၃)ရပ်ကွက် မြေရိယာ ၃ဧက၊ အမှတ်(၂)ရပ်ကွက် မြေရိယာ ၀ ဒသမ ၀၆၂ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၃၂'x၂၂'x၂၉' ကွန်ကရစ်ခင်း ပျဉ်ထောင်၊ သွပ်မိုး(၂)ထပ် အဆောက်အဦ၊ အမှတ်(၃)ရပ်ကွက် မြေရိယာ ၃ ဒသမ ၇၃၂ ဧက

(ဇ) ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက် လမ်းမတော်၊ မင်းရပ်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင် အမှတ်(၂၈)၊ မြေရိယာ ၀ ဒသမ ၀၆၅ ဧကနှင့် အဆိုပါမြေပေါ်ရှိ RC (၂)ထပ် အဆောက်အဦ (၂၆'x ၄၁'x၂၁') နှင့် နံကပ်(၂)ထပ် အဆောက်အဦ (၂၅'x ၄၄'x ၁၅')၊ အမှတ်(၁)ရပ်ကွက်၊ ပျဉ်ဈေး(မ)ရပ်၊ ရွှေဘို-ခင်ဦးကားလမ်း အရှေ့ဘက်ရှိ ကူကြီးကုန်း၊ ကွင်းအမှတ်(၂၉၁၈) ဦးပိုင်အမှတ်(၅၂)၊ မြေရိယာ ၆ ဒသမ ၅၂ ဧက (Mytel ရေိယာမှအပ)၊ ကျောက်မြောင်းမြို့၊ အမှတ်(၁)ရပ်ကွက် (ရေတော်ကျေးရွာ) အုတ်လုပ်ငန်းမြေ ၄ ဒသမ ၇၉ ဧက၊

(ဈ) ဝက်လက်မြို့နယ်၊ အမှတ်(၃)ဘော်တွင်းရပ် တိုင်းရင်းဆေးမြေ မြေရိယာ ၀ ဒသမ ၃၄၅ ဧက၊ အမှတ်(၃)ရွှေအိုးတွင်းရပ် ညောင်ပင်မြေ မြေရိယာ ၀ ဒသမ ၂ ဧက၊ အမှတ်(၁) ဆင်းသိင်္ဂီရပ် သွပ်ဂိုဒေါင်မြေ မြေရိယာ ၁ ဒသမ ၂၃ ဧက၊ အမှတ်(၃) ရွှေအိုးတွင်းရပ် မြေရိယာ ၁၀၅'x၁၁၅'နှင့် အဆိုပါမြေပေါ်ရှိ ၅x၆ ခန်း အုတ်ကာ၊ သွပ်မိုး၊ အုတ်ခင်းအဆောက်အဦ၊ အမှတ်(၁) မင်းရပ်မြေရိယာ ၀ ဒသမ ၁၅ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၄x၄ ခန်း သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ခင်းအဆောက်အဦ၊ အမှတ်(၃) ရွှေအိုးတွင်းရပ် မြေရိယာ ၁၂၀'x ၁၂၀' နှင့် အဆိုပါမြေပေါ်ရှိ ၆x၃ ခန်း သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ခင်းအဆောက်အဦ

(ည) ခင်ဦးမြို့နယ်၊ မြကန်သာရပ်ကွက် မြေရိယာ ၀ ဒသမ ၅၅ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၃၂'x၁၆'x ၁၀' အဆောက်အဦနှင့် ၃၆'x၁၆'x၉' အဆောက်အဦ

(ဋ) ရေဦးမြို့နယ်၊ အောင်ဆန်း၊ အောင်မင်္ဂလာရပ် မြေရိယာ ၀ ဒသမ ၁၈၃ ဧက နှင့် အဆိုပါမြေပေါ်ရှိ ၆၅'x၃၉'x၁၈' သွပ်မိုးကပ်ကာအဆောက်အဦနှင့် ၇'x၁၇'x၁၃' သွပ်မိုး အုတ်ကာ ဆိုင်ခန်း၊ ၁၇'x၁၃'x၁၃' သွပ်မိုးအုတ်ကာ ဆိုင်ခန်း

(ဌ) ဒီပဲယင်းမြို့နယ်၊ မြို့မရပ်ကွက် မြေရိယာ ၀ ဒသမ ၁၆ ဧက နှင့် အဆိုပါမြေပေါ်ရှိ ၅ ခန်း ၄ ခန်း နံကပ်သွပ်မိုး အဆောက်အဦ၊ မြေရိယာ ၀ ဒသမ ၃၀ ဧကနှင့် အဆိုပါမြေပေါ်ရှိ အလျား ၄၅'၊ အနံ ၃၆' နံကပ်သွပ်မိုး (၂) ထပ်ဆောင် အဆောက်အဦ

(ဍ) တန့်ဆည်မြို့နယ်၊ မဟာမြိုင်ရပ်ကွက် ဦးစီးဌာနနောက် ကျောဂိုဒေါင်ဟောင်းဝန်းမြေ မြေရိယာ ၂ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၂၀'x၁၀၀'၊ ၂၀'x၃၀'နှင့် ၁၀'x၂၀' အဆောက်အဦ၊ မြေရိယာ ၀ ဒသမ ၇၇ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၃၀'x၁၀၀' နံကပ်သွပ်မိုး (၂)ထပ်ဆောင်အဆောက်အဦ၊ ၄၀'x၆၀' သွပ်မိုးအုတ်ကာဆိုင်ခန်း၊ ၄၀'x၆၀' ဆေးပေးခန်း သွပ်မိုးအုတ်ကာ အဆောက်အဦ၊ ၁၀'x၂၀' ဝန်ထမ်းအိမ်ယာ၊ သွပ်မိုးကပ်ကာ အဆောက်အဦ

(ဎ) ကန့်ဘလူမြို့နယ်၊ အမှတ်(၃)ရပ်ကွက် မြေရိယာ ၀ ဒသမ ၃၄၆ ဧကနှင့် အဆိုပါ မြေပေါ်ရှိ ၈'x၅'၊ ဆိုင်ခန်း(၃၃)ခန်း

(ဏ) ကျွန်းလှမြို့နယ် ၊ ပျဉ်းမမြိုင်ရပ်ကွက် မြေရိယာ ၀ ဒသမ ၂၃ ဧက၊ မြေရိယာ ၀ ဒသမ ၂၃ ဧကနှင့် အဆိုပါမြေပေါ်ရှိ အလျား-၄၀'၊ အနံ-၂၅'၊ အမြင့်-၁၅' သွပ်မိုးကပ်ကာ ပျဉ်ခင်း (၁)ထပ်အဆောက်အဦ

(တ) အင်းတော်မြို့နယ်၊ မော်လူးမြို့၊ မင်းသုခရပ်ကွက် ဘူတာရုံနှင့်မျက်နှာချင်းဆိုင် မြေကွက်အမှတ် (၀၉၂)မြေရိယာ ၂ ဒသမ ၂၈ ဧက၊ မြေရိယာ ၀ ဒသမ ၁၁၁ ဧက နှင့် အဆိုပါမြေပေါ်ရှိ အလျား-၆၄'၊ အနံ-၂၈' သွပ်မိုးအုတ်ကာ (၂)ထပ် ရုံးဟောင်း အဆောက်အဦ၊ မြေရိယာ ၀ ဒသမ ၈ ဧက

(ထ) ဗန်းမောက်မြို့နယ်၊ မြို့မရပ်ကွက် မြေရိယာ ၁ ဒသမ ၄၉၈ ဧကနှင့် အဆိုပါ မြေပေါ်ရှိ ၃၆'x၇၂' သိုလှောင်ရုံ အဆောက်အဦ၊ ၉'x၁၈' ဆိုင်ခန်းနံကပ် အဆောက်အဦ၊ ၃၆'x၁၈' နံကပ် အဆောက်အဦ

(ဒ) ဝန်းသိုမြို့နယ်၊ စည်ပင်သာယာဈေး (၄၀'X၂၄'X ၂၂') နှစ်ထပ်တိုက် အုပ်ညှပ်သွပ်မိုး၊ မြကန်သာရပ်ကွက် မြေရိယာ ၀ ဒသမ ၆၈၉ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၁၀၀'x ၅၀'x၁၅' သွပ်မိုးအုတ်ကာ (၁)ထပ်အဆောက်အဦ

(ဓ) ကောလင်းမြို့နယ်၊ မြို့မမြို့ကုန်းရပ်ကွက် မြေရိယာ ၁ ဒသမ ၂၄ ဧကနှင့် အဆိုပါ မြေပေါ်ရှိ၆၅'x ၃'x၂၃' အဆောက်အဦ၊ ၈၀'x၉'x၉' ဆိုင်ခန်းအဆောက်အဦ၊ မြေရိယာ ၂ ဒသမ ၉၂၃ ဧကနှင့် အဆိုပါမြေပေါ်ရှိ ၃၈'x၁၉' x ၁၀'အဆောက်အဦ၊ ၂၅'x၈' ဆိုင်ခန်း အဆောက်အဦ၊ မြောက်အင်း ရပ်ကွက် ၀ ဒသမ ၁ ဧကနှင့် အဆိုပါ မြေပေါ်ရှိ ၅၀'x၄၀'x၁၂' သွပ်မိုး၊ မြေညီထပ်အဆောက်အဦ

(န) ပင်လည်ဘူးမြို့နယ်၊ မိုးကောင်းရပ်ကွက် မြေရိယာ ၂ ဒသမ ၆၁ ဧက၊ မိုးကောင်းရပ်၊ မြို့မရပ်ကွက် မြေရိယာ ၀ ဒသမ ၀၈၅ ဧကနှင့် အဆိုပါမြေပေါ်ရှိ အလျား-၃၅'၊ အနံ-၄၂' သွပ်မိုးအုတ်ကာ အဆောက်အဦ

| | | |
|---|---|---|
| လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - | (၁၁.၇.၂၀၂၃) ရက်နေ့ |
| လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်နေရာ | - | (၂၆.၇.၂၀၂၃)ရက်နေ့ |
| လေလံလျှောက်လွှာ ရောင်းချမည့် | - | စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ စစ်ကိုင်းမြို့ နှင့် သက်ဆိုင်ရာမြို့နယ် သမဝါယမ အသင်းစုများ |

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင်ထုခွဲရောင်းချရေးအဖွဲ့/ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက် (၂၆.၇.၂၀၂၃)ရက်နေ့ (၁၆၀၀)နာရီ နောက်ဆုံးထား၍ သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုများနှင့် ထုခွဲရောင်းချရေးသတ်မှတ်ထားသော နေရာတို့တွင် နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့်နောက်နေ့ (၂၇.၇.၂၀၂၃) ရက်နေ့ (၁၀:၀၀)နာရီတွင် လေလံဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၀၉-၄၂၈၁၃၂၆၂၃၊ ၀၉-၂၅၆၀၈၈၅၂၅၊ ၀၉-၉၆၃၇၇၆၇၇၇ ၀၉-၄၀၁၅၄၁၅၈၇

**တိုင်းဒေသကြီးလေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

---

## ပျောက်ဆုံးကြောင်း

ဦးတူးလွမ် ၁၂/ ဥကမ (နိုင်) ၀၈၉၁၂၁ ၏ နိုင်ငံကူး လက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉- ၇၈၈၉၈၀၀၀၈

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးထွန်းဇော် ၁၂/ မရက(နိုင်) ၀၆၈၀၈၉ ၏ ပတ်စ်ပို့နံပါတ် A079374 မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၄၅၀၀၅၁၇၂၂

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/3809 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညနခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

---

## အများသိစေရန်ကြေညာချက်

